# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက် | ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၉၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရတနာဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြော ပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)၏ အသက်(၁)နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရတနာဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" နှင့် မိခင်ဆင်မကြီးတို့အား အစာအာဟာရများ ကျွေးမွေးစဉ်။

နေပြည်တော် ဇူလိုင် ၂၃

ရတနာ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ) ၏ အသက် (၁) နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက် ဝတ္ထုကံမြေအတွင်းရှိ ရတနာ ဆင်ဖြူတော်ဆောင်၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊

စာမျက်နှာ ၅ ကော်လံ ၁ ✻


ယနေ့ ဖတ် စ ရာ

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း — ဘွဲ့တံဆိပ်များ — စာ ၁၀

ကံကောင်းခြင်း — ဆောင်းပါး — စာ ၁၃

မိတ္ထီလာခရိုင်အတွင်း ဝါသီးနှံစိုက်တောင်သူများ အကျိုးအမြတ်များရရှိ — စီးပွားရေးသတင်း — စာ ၂၀

## အယ်နီညိုကြောင့် ဆန်စပါးထုတ်လုပ်မှု မထိခိုက်စေရေး ခေတ်မီစိုက်နည်းစနစ်နှင့် စက်ကိရိယာများ အသုံးပြု

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအဓိက နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံ့လူဦးရေ၏ သုံးပုံနှစ်ပုံခန့်ဝင်ရောက်လုပ်ကိုင်လျက် ရှိသော်လည်း ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက စိုက်ပျိုးလုပ်သားတစ်ဦးချင်း ထုတ်လုပ်နိုင်စွမ်းအရ လည်းကောင်း၊ မြေတစ်ကေချင်းပေါ်တွင် ထုတ်လုပ်နိုင်စွမ်းအရလည်းကောင်း များစွာနိမ့်ကျလျက်ရှိသည်။ စိုက်ပျိုးထုတ်လုပ်မှု စွမ်းအားနိမ့်ကျနေခြင်းကြောင့် မြန်မာတောင်သူတို့၏ တစ်ဦးချင်းဝင်ငွေမှာလည်း များစွာနိမ့်ကျလျက်ရှိသည်။

စိုက်ပျိုးရေးမှရသည့် ဝင်ငွေနည်းပါးမှုသည် နိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသများမှ လူငယ်မျိုးဆက်များကို ဆွဲဆောင်နိုင်စွမ်း မရှိတော့သည့်အလျောက် ပြည်တွင်းရှိမြို့ပြများသို့ သွားရောက်၍ အခြားအလုပ်များလုပ်ကိုင်ကြခြင်း၊ ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်အလုပ်လုပ်ကိုင်ကြခြင်းတို့ကြောင့် ပြည်တွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်သားအင်အားရှားပါးလာခြင်း၊ လယ်ယာလုပ်သားလုပ်ခများ ကြီးမြင့်လာခြင်းစသည်တို့ ကြုံတွေ့လာရသည်။ ထို့အပြင် ယခုနှစ် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း အယ်နီညို ရာသီဥတုဖြစ်စဉ်ဖြစ်ပေါ်လာမည်ဟု မိုးလေဝသပညာရှင်များက ခန့်မှန်းတွက်ချက်ထားကြရာ အဆိုပါရာသီဥတုဖြစ်စဉ်၏ သက်ရောက်မှုများအနေဖြင့် အပူလှိုင်းကျရောက်ခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် ပူပြင်းခြောက်သွေ့ခြင်းတို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပေါ် ကြီးမားစွာထိခိုက်မှုများ ဖြစ်ပေါ်နိုင်ကြောင်းနှင့် ဖြစ်လာနိုင်သည့်အခြေအနေများအပေါ် ကြိုတင်ပြင်ဆင်ကြရန် သတိပေးနှိုးဆော်လျက်ရှိသည်။

မိမိတို့နိုင်ငံသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး ဆန်ကို အဓိကထား စားသုံးသည့်နိုင်ငံလည်းဖြစ်ရာ အယ်နီညိုကြောင့် ဆန်စပါးထုတ်လုပ်မှု ကျဆင်းနိုင်သည့်အခြေအနေများအတွက် ရေငတ်ခံ၊ အထွက်ကောင်း၊ အရည်အသွေးကောင်း စပါးမျိုးများ ဖော်ထုတ်ခြင်း၊ စိုက်ပျိုးရေ အနည်းငယ်သာ လိုအပ်ပြီး လုပ်အားနှင့် သွင်းအားစုပါ လျှော့နည်းသုံးစွဲနိုင်သည့် စိုက်နည်းစနစ်များ ချမှတ်အသုံးပြုစေခြင်းဖြင့် တောင်သူများအကျိုးရှိပြီး ဆန်စပါးထုတ်လုပ်မှုလည်း မထိခိုက်စေရန် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် စပါးမျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းနည်းစနစ်များကို တောင်သူလယ်သမားများအား ပြသလျက်ရှိသည်။ လယ်ယာလုပ်သားရှားပါးပြတ်လပ်မှုကို ဖြေရှင်းနိုင်ပြီး အချိန်မီစိုက်ပျိုးနိုင်မှု၊ မျိုးစပါးအကုန်အကျသက်သာမှုအပြင် လယ်ယာလုပ်ငန်းခွင်၌ ပင်ပန်းတကြီး လုပ်ကိုင်ရမှုတို့ကို သက်သောင့်သက်သာဖြစ်စေသော အကျိုးကျေးဇူးများ ရရှိနိုင်သည့် ခေတ်မီစက်ကိရိယာများနှင့် ခေတ်မီနည်းလမ်းများကို မဖြစ်မနေသုံးစွဲကြရမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်း ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေများနှင့်အတူ မြန်မာနိုင်ငံသည်လည်း ရာသီဥတုပြောင်းလဲမှု၊ ဖောက်ပြန်မှုတို့ကို မလွဲမသွေတွေ့ကြုံရမည်ဖြစ်သည်။ စိုက်ပျိုးရေးကို အဓိကအားထားနေရသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေများနှင့် လိုက်လျောညီထွေစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရန် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းရမည်ဖြစ်သည်။ လယ်ယာကဏ္ဍတွင် ဖြစ်ပေါ်နေသော အခြေအနေများနှင့် ကိုက်ညီသည့် စိုက်ပျိုးနည်းစနစ်များ၊ လယ်ယာသုံးကိရိယာများနှင့် စက်ယန္တရားများကို စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ လွယ်လင့်တကူချိန်ခါကိုက်ညီ ရရှိနိုင်သည်နှင့်အမျှ စိုက်ပျိုးထုတ်လုပ်မှုများ မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

## သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ချီးမြှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၁၂၄ /၂၀၂၃
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်တွင် ကိန်းဝပ်စံပယ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်းများ၌ ထူးခြားစွာထောက်ပံ့လှူဒါန်းခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်အပ်နှင်းလိုက်ပါသည်-

**သီဟသုဓမ္မ မဏိဇောတဓရဘွဲ့တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်ခိုင်သန်း | မန်နေဂျင်းဒါရိုက်တာ | Anglo Mining Co.,Ltd |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ





## နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားဝင်းအတွင်း၌ ကျင်းပသည်။

**ရတနာ့တန်းဝင် ကျွန်းပင်စိုက်ပျိုး**

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရတနာ့တန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက ရတနာ့တန်းဝင် ကျွန်းပင်နှင့် အရိပ်ရ လေကာပင်များကို ဆက်လက်စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှု အားပေးပြီး ပထမအကြိမ် စိုက်ပျိုးခဲ့ကြသည့် ရတနာ့တန်းဝင် ကျွန်းပင်၊ နှစ်ရှည်သီးနှံပင်၊ အရိပ်ရလေကာပင်များ၏ ရှင်သန်ဖြစ်ထွန်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်သန်အောင်မြင်ရေး**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ရုံးချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံး၊ ကျောင်းများအနေဖြင့် ၂၀၂၃ ခုနှစ် မိုးရာသီကာလအတွင်း ပထမအကြိမ်၌ ရတနာ့တန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် ၁၀၈၆၅ ပင်၊ ဒုတိယအကြိမ်၌ ရတနာ့တန်းဝင်ကျွန်းပင် ၂၀၀၊ အရိပ်ရလေကာပင် မဟော်ဂနီအပင် ၁၀၀ စုစုပေါင်း ၉၅၉၃ ပင်တို့ကို စိုက်ပျိုးခဲ့ကြောင်းနှင့် ရှင်သန်အောင်မြင်ဖြစ်ထွန်းရေးအတွက် ပြုပြင်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် Certificate in Entrepreneurship and Business Management (Batch III) ဖွင့်လှစ်မည်

**ရန်ကုန် ဇူလိုင် ၂၃**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် စီးပွားရေး စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသဘောတရားများကို သိရှိစေရန် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများကို တတ်သိနားလည်ပြီး အသုံးချနိုင်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်စေရန်ရည်ရွယ်၍ စွန့်ဦးတီထွင်မှုနှင့်စီးပွားရေး စီမံခန့်ခွဲမှုပညာ အသိမှတ်ပြုလက်မှတ် သင်တန်း Certificate in Entrepreneurship and Business Management (Batch I) ကို ၁၂-၅-၂၀၂၂ ရက်မှ ၁၂-၈-၂၀၂၂ ရက်အထိ လည်းကောင်း၊ (Batch II) ကို ၁၅-၂-၂၀၂၃ ရက်မှ ၁၅-၅-၂၀၂၃ ရက်အထိ လည်းကောင်း Free Online Certificate Course အဖြစ် ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

ယခုဆက်လက်၍ Certificate in Entrepreneurship and Business Management (Batch III) ကို Free Online Certificate Course အဖြစ် ၅-၈-၂၀၂၃ ရက်မှ ၂၂-၁၀-၂၀၂၃ ရက်အထိ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်ပို့ချ သင်ကြားသွားမည်ဖြစ်သဖြင့် သင်တန်းတက်ရောက်လိုသူများ အနေဖြင့် https://forms.gle / xWXHcaH-bynxYq3eZA Link မှတစ်ဆင့် Google Form တွင် ဖြည့်စွက်ပြီး ၃၁-၇-၂၀၂၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မာရဝိဇယ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မျက်နှာတော်မူရာ တူရူအရပ်တွင် ဝိဇယဘူမိနိမ္မာန အောင်မြေတည်ထားခြင်း မင်္ဂလာအခမ်းအနားနှင့် သဒ္ဒါမိပတိခေါင်းလောင်းတော်ကြီးဖွင့်လှစ်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်လျက်ရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မျက်နှာတော်မူရာ တူရူအရပ်တွင် ဝိဇယဘူမိနိမ္မာန အောင်မြေတည်ထားခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် သဒ္ဒါမိပတိ ခေါင်းလောင်းတော်ကြီး ဖွင့်လှစ်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပူဇော်သည်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အောင်မြေနေရာအား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။

## တက်ရောက်ပူဇော်

အခမ်းအနားသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ပူဇော်ကြသည်။

## သုံးကြိမ်ရွတ်ဆိုပူဇော်

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသည့် ဧည့်ပရိသတ်များက ရတနတ္တယ ပူဇာဂါထာတော်နှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့လင်္ကာ နှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

## ထည့်သွင်းတည်ထား

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အောင်မြေနေရာတွင် ကျောက်မျက်ရတနာများ ခင်းကျင်းကြဲဖြန့်ပူဇော်၍ အခမ်းအနားမှူးက ပထဝီဇယ မန္တန်ဂါထာနှင့် မင်္ဂလာအခါတော် စာတမ်းကိုဖတ်ကြားပြီး မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဇ္ဈိမဒေသ ဗုဒ္ဓဂယာ သတ္တဌာန ၇ နေရာမှ အောင်မြေများနှင့် နိုင်ငံတော်တစ်ဝန်းလုံးရှိ တန်ခိုးကြီး စေတီဘုရားများရှိ အောင်မြေဌာန ၃၅ ဌာနတို့၏ အောင်မြေများကို ဝိဇယဘူမိနိမ္မာနအောင်မြေ ထည့်သွင်းတည်ထားသည်။

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အောင်မြေနေရာအား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

## မေတ္တာပြုအမျှပေးဝေ

ဆက်လက်၍ "ဇယန္တော ဗောဓိယာ မူလေ" အစရှိ ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်၍ အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာကို ဖတ်ကြားကာ မေတ္တာပြုအမျှပေးဝေကြသည်။ *စာမျက်နှာ ၄ သို့*





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သဒ္ဒါမိပတိ ခေါင်းလောင်းတော်ကြီးကို ကိုးချက်ထိုး၍ ဖွင့်လှစ်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး၊ သား၊ သမီး၊ မြေးများ မိသားစုမှလှူဒါန်းသည့် သဒ္ဒါမိပတိ ခေါင်းလောင်းတော်ကြီး ဖွင့်လှစ်ခြင်း အခမ်းအနားကို ကျင်းပပြုလုပ်စဉ်။

*စာမျက်နှာ ၃ မှ*

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ သား၊ သမီး၊ မြေးများ မိသားစုမှလှူဒါန်းသည့် သဒ္ဒါမိပတိ ခေါင်းလောင်းတော်ကြီး ဖွင့်လှစ်ခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သဒ္ဒါမိပတိ ခေါင်းလောင်းတော်ကြီးကို ကိုးချက်ထိုး၍ ဖွင့်လှစ်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က ခေါင်းလောင်းတော်ကြီးအား ထိုးခတ်ပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာအမျှဝေစာတမ်းလွှာကို ဖတ်ကြားကာ မေတ္တာပြု အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ် ရတနာရွှေမိုး၊ ငွေမိုးများရွာသွန်းဖြိုးခဲ့ကြသည်။

မာရဝိဇယ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မျက်နှာတူတော်မူရာအရပ်တွင် အောင်မြေတည်ထားခြင်း ဆောင်ရွက်ရာတွင် သတ္တဋ္ဌာန ၇ နေရာ၏ အောင်မြေများနှင့် နိုင်ငံတော်တစ်ဝန်းလုံးရှိ အောင်မြေဌာနပေါင်း ၃၅ ဌာနတို့မှ အောင်မြေများကို ဝိဇယဘူမိနိမ္မာန အောင်မြေတည်ထားခြင်းဖြစ်ကြောင်းနှင့် သဒ္ဒါမိပတိ ခေါင်းလောင်းတော်ကြီးကို တည်ထားရာတွင်လည်း မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန် ရည်သန်လျက် အမြင့် ၅ ပေ၊ ထိပ်ဝအကျယ် ၄ ပေ ၁ လက်မ၊ အလေးချိန် ၇၃၈ ကြေးပိဿာရှိသော ခေါင်းလောင်းတော်ကြီးကို ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ သား၊ သမီး၊ မြေးများ မိသားစုမှ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် သဒ္ဒါမိပတိ ခေါင်းလောင်းတော်ကြီးကို ထိုးခတ်ပူဇော်စဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးစဉ်။

**မာရဝိဇယ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မျက်နှာတူတော်မူရာအရပ်တွင် အောင်မြေတည်ထားခြင်း ဆောင်ရွက်ရာတွင် သတ္တဋ္ဌာန ၇ နေရာ၏ အောင်မြေများနှင့် နိုင်ငံတော်တစ်ဝန်းလုံးရှိ အောင်မြေဌာနပေါင်း ၃၅ ဌာနတို့မှ အောင်မြေများကို ဝိဇယဘူမိနိမ္မာန အောင်မြေတည်ထားခြင်းဖြစ်**

❋ ရှေ့ဖုံးမှ
ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားမှူးက ရတနာဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" ၏ ကိုယ်ရေးအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

**အမွှေးနံ့သာရည်များပက်ဖျန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က ရတနာဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" အား အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ယင်းနောက် ရတနာဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"က ဥပ္ပါတသန္တိစေတီတော်အား ရှိခိုးဦးချပြီး အခမ်းအနားမှူးက ရတနာဆင်ဖြူတော်လေး၏ မွေးနေ့ရတုကို ဖတ်ကြားသည်။

**အစာအာဟာရများကျွေးမွေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ရတနာဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" အား အသက် (၁)နှစ်ပြည့်အထိမ်းအမှတ် လက်ဆောင်ကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က ရတနာဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" နှင့် မိခင်ဆင်မကြီးတို့အား အစာအာဟာရများ ကျွေးမွေးသည်။

ယင်းနောက် ရတနာဆင်ဖြူတော်လေး၏ အသက် (၁) နှစ်ပြည့်အထိမ်းအမှတ် မွေးနေ့ဖယောင်းတိုင်ကို မီးမှုတ်ပြီး အခမ်းအနားမှူးက ရတနာဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"၏ မွေးနေ့မင်္ဂလာအတွက် ဆုတောင်းစကားမြွက်ကြား၍ မေတ္တာပို့သည်။ ဆက်လက်ပြီး နိုင်ငံတော်တွင် ဒသမအကြိမ်မြောက် ပေါ်ထွန်းခဲ့သော ရတနာဆင်ဖြူတော်လေး၏ မွေးနေ့ အထိမ်းအမှတ်အဖြစ် ရတနာဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"က ချိုးဖြူငှက် ၁၀ ကောင်အား ဘေးမဲ့လွှတ်ပေးသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ ရတနာဆင်ဖြူတော်ဆောင်အတွင်းရှိ ရတနာဆင်ဖြူတော်များနှင့် ရတနာဆင်ဖြူတော် အဖော်ဆင်များကို အစာအာဟာရများ ကျွေးမွေးခဲ့ကြသည်။

**ကျန်းမာပျော်ရွှင်စွာနေထိုင်**

အဆိုပါ ရတနာဆင်ဖြူတော်လေး **"ရဋ္ဌနန္ဒက" (တိုင်းပြည်ကချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြော ပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)** မှာ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မဇာနန်းလှက ၂၀၂၂ ခု ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိပြီး ရတနာဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံး ပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့်နောက်ခြေသည်း ၄ ခုစီ ပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက်နှင့် ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။ မိခင်ဆင်မကြီးနှင့်အတူ နေပြည်တော်သို့ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ရောက်ရှိခဲ့ကာ ဆင်ဖြူတော်ကလေးမှာ ယခုအသက် ၁ နှစ်သားတွင် အရပ်အမြင့် ၃ ပေ ၁၀ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၆၇၀ ရှိလာပြီး နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္ထုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်တွင် ကျန်းမာပျော်ရွှင်စွာဖြင့် နေထိုင်လျက်ရှိကြောင်းနှင့် ယခု ရတနာဆင်ဖြူတော် **"ရဋ္ဌနန္ဒက" (တိုင်းပြည်ကချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြော ပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)** သည် ဒသမမြောက် ဆင်ဖြူတော်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာဆင်ဖြူတော်ဆောင်အတွင်းရှိ ရတနာဆင်ဖြူတော်များနှင့် ရတနာဆင်ဖြူတော် အဖော်ဆင်များကို အစာအာဟာရများ ကျွေးမွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ရတနာဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" နှင့် မိခင်ဆင်မကြီးတို့အား အစာအာဟာရများ ကျွေးမွေးစဉ်။

## ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်ရုံး ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ပစ္စည်းများပေးအပ်

ပဲခူး ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တရားရုံးများမှ ဝန်ထမ်းမိသားစုများ၏ သားသမီးများအား ပညာသင်အထောက်အကူပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊ အခြေခံပညာအထက်တန်းအောင် ကျောင်းသားကျောင်းသူများနှင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ စည်းကမ်း၊ စံတန်ဖိုး အရည်အချင်းစစ်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်ရုံး၌ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်က အမှာစကား ပြောကြားပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူ သုံးဦးကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများက နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ စည်းကမ်း၊ စံတန်ဖိုးအရည်အချင်းစစ်စာမေးပွဲ၌ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူ သုံးဦးတို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ပဲခူးခရိုင်တရားသူကြီးတို့က အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားကျောင်းသူ ၁၄၂ ဦးတို့အတွက် ကျောင်းသုံးပစ္စည်းများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**






ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှု အခြေအနေများနှင့်ပတ်သက်၍ ကြည်ညိုသဒ္ဓါပွားများနိုင်ရေး ရှင်းလင်းပြသစဉ်။

# ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှု အခြေအနေများနှင့်ပတ်သက်၍ ကြည်ညိုသဒ္ဓါပွားများနိုင်ရေး ရှင်းလင်းပြသ

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှု အခြေအနေများနှင့် ပတ်သက်၍ ကြည်ညိုသဒ္ဓါပွားများနိုင်ရေး ရှင်းလင်းပြသခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ယာယီရှင်းလင်းဆောင်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သာသနာနုဂ္ဂဟ ဘွဲ့ရပုဂ္ဂိုလ် အလှူရှင်များ၊ မိတ်ဖက်ကုမ္ပဏီများမှ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံး ဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ယခုအခမ်းအနားသို့ တက်ရောက်လာကြသည့် ဓမ္မမိတ်ဆွေများသည် ဘာသာ၊ သာသနာ ခိုင်မာထွန်းကားရေး၌ လည်းကောင်း၊ နိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် လည်းကောင်း တိုးတက်မှုရှိစေရေး ကျရာအခန်းကဏ္ဍများမှ ပါဝင်ထမ်းဆောင်နေကြသူများ ဖြစ်ကြကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည့် နေပြည်တော်တွင် မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်နေသည့် အခြေအနေများကို ကြည်ညိုသဒ္ဓါပွားများနိုင်ရေး သိရှိရန်လိုအပ်သည်ဟု ယူဆသဖြင့် ယခုကဲ့သို့ ရှင်းလင်းပြသခြင်း ဖြစ်ပါကြောင်း၊ ဇွန် ၂၉ ရက်တွင်လည်း သာသနာနုဂ္ဂဟဘွဲ့ရပုဂ္ဂိုလ်များ၊ ပြည်တွင်းဘဏ်များနှင့် ကုမ္ပဏီကြီးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း ရုပ်သံလိုင်းများနှင့် ဆက်သွယ်ရေး အော်ပရေတာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတ္တုလုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ ပထမအကြိမ်အဖြစ် ရှင်းလင်းခဲ့ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ယခုလ ၈ ရက်တွင်လည်း ယာယီသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးသိန်းစိန်၊ တပ်မတော်အငြိမ်းစား အရာရှိကြီးများနှင့် ဇနီးများကို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့်ပတ်သက်၍ ဒုတိယအကြိမ်အဖြစ် ရှင်းလင်းပြသခဲ့ပါကြောင်း၊ ယခုအကြိမ်သည် တတိယအကြိမ်အဖြစ် ကြည်ညိုသဒ္ဓါပွားများနိုင်စေရေး ရှင်းလင်းပြောကြားခြင်းဖြစ်ကြောင်း။

### မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုကို ပြသ

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့် ပတ်သက်၍ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှု ရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် (၄) ရပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်ကို ကိုးကွယ်သည့် နိုင်ငံတစ်ခုဖြစ်ပြီး ဝိနည်းတော်များနှင့်အညီ လိုက်နာကျင့်သုံးသည့် ဗုဒ္ဓဘာသာ နိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ ခိုင်မာသော အခြေခံရှိခြင်းကြောင့် ထေရဝါဒဗုဒ္ဓဘာသာ မိမိတို့နိုင်ငံတွင် ခိုင်မာမှုရှိခြင်းကို ပြသနိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်အဖြစ် ထေရဝါဒ ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် သာယာဝပြောမှုရှိမှုဆိုသည်မှာ ပြည်သူ၊ ပြည်သားအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင် စားသောက်နိုင်ရမည်ဖြစ်ပြီး စီးပွားလာဘ်လာဘများ တိုးတက်စေရမည်၊ ပျော်ပျော်ရွှင်ရွှင်

*စာမျက်နှာ ၇ သို့*





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ် တည်ဆောက်ခြင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှု အခြေအနေများနှင့်ပတ်သက်၍ ကြည်ညိုသဒ္ဓါပွားများနိုင်ရေး ရှင်းလင်းပြသစဉ်။

*စာမျက်နှာ ၆ မှ*

ပညာသင်ကြားနိုင်ရမည် ဖြစ်ကြောင်း၊ ဗုဒ္ဓမြတ်စွာဘုရား၏ အေးမြသည့် အရိပ်အာဝါသအောက်တွင်အားလုံး လုံလုံခြုံခြုံ အေးအေးချမ်းချမ်းဖြင့် သာယာပျော်ရွှင်စွာ နေထိုင်နိုင်ရေးဖြစ်ကြောင်း၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန် ဆိုသည်မှာ ဗုဒ္ဓဘာသာ သာသနာတော်သည် ငြိမ်းချမ်းမှု၊ သာယာဝပြောမှု မေတ္တာတရားကို အလေးထားသည့် ဘာသာတရား တစ်ခုဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာတရားကို အခြေခံ၍ ကမ္ဘာကို မေတ္တာတရားများ ပြန့်ပွားလွှမ်းခြုံသွားမည်ဆိုပါက ကမ္ဘာကြီးသည်လည်း ငြိမ်းချမ်းသာယာမှုဖြစ်စေမည်မှာ မလွဲကေန်ပင်ဖြစ်ပါကြောင်း။

မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဘုရားကြီး တည်ထားကိုးကွယ်ရန်အတွက် ၎င်းထံလှူဒါန်းထားသည့် စကျင်ကျောက်တော်ကြီးကို တပ်မတော်မှ ဦးဆောင်၍ ဘုရားတည်ထားရန်အတွက် လွှဲအပ်ခဲ့ကြောင်း၊ အဆိုပါကျောက်တော်ကြီးကို တူးဖော်ရရှိရေး ကျွမ်းကျင်ပညာရှင်များဖြင့် အသေးစိတ် စစ်ဆေး ဆောင်ရွက်ပြီး တွက်ချက်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်တူးဖော်ခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လ၌ အမြင့် ၆၅ ပေ၊ ရှေ့အလျား ၅၄ ပေ၊ ထု ပေ၂၀ ရှိ အရည်အသွေး A အဆင့်ရှိသည့် ကျောက်တော်ကြီးကို အကြမ်းထည် ပုံဖော်နိုင်ခဲ့ကြောင်း၊ ဆင်းတုတော်ထုဆစ်ရန်အတွက် တွက်ချက် ဆောင်ရွက်ရာတွင် အချို့ကျောက်သားနေရာများတွင် လိုအပ်ချက်များရှိခြင်းကြောင့် ကျောက်သားများ ထပ်မံထည့်သွင်းရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း။

**ရတနာပုံခေတ်ဟန် ဘူမိဖသသပုံစံဖြင့် တည်ထားကိုးကွယ်နိုင်ရေးဆောင်ရွက်**

ဆင်းတုတော်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ရာ၌ ခေတ်အလိုက် တည်ထားဆောင်ရွက်ခဲ့သည့် ရုပ်ပွားတော်များထဲမှ အကောင်းဆုံးဖြစ်သည့် ရတနာပုံခေတ်ဟန် ဘူမိဖသသပုံစံဖြင့် တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ၁၈၈၅ ခုနှစ်တွင် မြန်မာပြည်လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ မိမိတို့နိုင်ငံ၏ သမိုင်းမှာ အဆက်ပြတ်သွားခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ်မှသာ လွတ်လပ်ရေး ပြန်လည်ရရှိခဲ့ကြောင်း၊ ကိုလိုနီဖြစ်ခဲ့သည့် ကာလအတွင်း မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုများ အဆက်ပြတ်သွားခဲ့ခြင်းကြောင့် နောက်ဆုံးကျန်ရှိခဲ့သည့် ယဉ်ကျေးမှုကို ယူရန်အတွက် ရတနာပုံခေတ်ဟန်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘုရားကြီး ထုဆစ်ပူဇော်ရန် စဉ်းစားရာတွင် ဉာဏ်တော်ကို အဓိကထားပြီး သတ်မှတ်ထားသည့် ထုံးတမ်းအစဉ်အလာများပေါ်မူတည်၍ လိုအပ်သည့် ပလ္လင်တော်နှင့် ဒူးတော်နေရာများအတွက် စကျင်ကျောက်များ ထပ်မံရရှိရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းတုတော်ကြီး ထုဆစ်ရန်အတွက် ကျောက်တုံးတော်ကြီးများကို သယ်ယူရေး စီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကုန်းလမ်းမှသယ်ယူရန် အခက်အခဲများရှိခြင်းကြောင့် စကျင်တောင်မှ ဧရာဝတီမြစ်၊ ၎င်းမှ ဆီမီးခုံဆိပ်ကမ်း၊ ထိုမှတစ်ဆင့် ကုန်းလမ်းမှ နေပြည်တော်သို့ သယ်ဆောင်နိုင်ရေးအတွက် အသေးစိတ် လိုက်လံကြည့်ရှုခဲ့ပြီး ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ ကျောက်တုံးတော်ကြီးများကို ပိုင်းဖြတ်သယ်ယူပင့်ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့သယ်ယူချိန်တွင်လည်း ထုထည်ပမာဏ ကြီးမားခြင်းကြောင့် အခက်အခဲများကြားမှ ပင့်ဆောင်ခဲ့ရကြောင်း၊ စကျင်တောင်မှ သယ်ဆောင်ရန်အတွက် ဆောင်ရွက်ရာတွင်လည်း တပ်မတော် အင်ဂျင်နီယာတပ်ဖွဲ့နှင့် တပ်မတော် (ရေ) တို့ပူးပေါင်း၍ မြောင်မြစ်သို့ တူးမြောင်းဖောက်လုပ်ရာတွင် မြေကျင်း ၈၂၅၀၇ ကျင်း၊ တူးမြောင်းအရှည် ၄၅၈၃ ပေ ဖောက်လုပ်ဆောင်ရွက်ခဲ့ရကြောင်း၊ အလားတူ ဆီမီးခုံဆိပ်ကမ်းသို့လည်း ရေယာဉ်များ ဆိုက်ကပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့ရကြောင်း။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃ ရက်တွင် ကျောက်တုံးတော်ကြီးများကို စတင်ပင့်ဆောင်ခြင်း အခမ်းအနားကို ဆောင်ရွက်၍ ပင့်ဆောင်ခဲ့ကြောင်း၊ ကျောက်တုံးတော်ကြီးများ ထိခိုက်မှုမရှိစေရေး စနစ်တကျဖြင့် ပင့်ဆောင်ခဲ့ရပြီး စုစုပေါင်းအနေဖြင့် ၉ ကြိမ် ပင့်ဆောင်ခဲ့ရကာ တန်ချိန်အားဖြင့် ၈၁၅၈ တန် သယ်ဆောင်ခဲ့ရကြောင်း၊ ရေလမ်းခရီးဖြင့် စကျင်ကျောက်တုံးကြီးကို သယ်ဆောင်ခြင်းသည် ကမ္ဘာပေါ်တွင် မှတ်တမ်းဝင်ခဲ့ကြောင်း၊ စက်တင်ဘာ ၁၈ ရက်တွင် ကျောက်တုံးတော်ကြီးများ အားလုံး ဆီမီးခုံဆိပ်ကမ်းသို့ ရောက်ရှိခဲ့ကြောင်း၊ ဆီမီးခုံဆိပ်ကမ်းမှ စကားအင်းအဝိုင်း အကြား ကျောက်တုံးတော်ကြီးများ ချောမွေ့စွာ သယ်ယူပင့်ဆောင်နိုင်ရေး ၂၂ မိုင် ၅ ဖာလုံအရှည်လမ်းအား အသစ်ဖောက်လုပ်ဆောင်ရွက်ခဲ့ပြီး နေပြည်တော်သို့ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် စတင်ပင့်ဆောင်ခဲ့ကြောင်း၊ ထိုသို့ပင့်ဆောင်ရာတွင်လည်း တန်ချိန် ၁၅၀၀ နှင့် ၂၀၀၀ ကြား သယ်ဆောင်နိုင်သည့်ကားများ သွားလာနိုင်ရေး ရှောင်ကွင်းလမ်းများ ဖောက်လုပ်ခြင်းနှင့် လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အချိန်အားဖြင့် ၄ လကြာမြင့်ခဲ့ကြောင်း၊ ကျောက်တော်ကြီးများ ပင့်ဆောင်သည့်အချိန်သည် ကိုဗစ်ကာလဖြစ်ပွားနေချိန်နှင့် နိုင်ငံရေးအရ အကျပ်အတည်းများဖြစ်နေသဖြင့် အချို့မှာ ကျောက်တော်ကြီးများ ပင့်ဆောင်မှုကို အသေးစိတ်သိရှိမှုနည်းပါးကြကြောင်း။

**ကျောက်တုံးတော်ကြီးများကို ကုန်းလမ်းခရီးဖြင့် ၇ ခေါက် သယ်ယူခဲ့ရ**

ကျောက်တုံးတော်ကြီး များကို ကုန်းလမ်းခရီးဖြင့် သယ်ယူရာတွင် စုစုပေါင်း ၇ ခေါက် သယ်ယူခဲ့ရပြီး အလေးချိန်အနေဖြင့် ၇၆၃၂ တန်ဖြစ်ကြောင်း၊ ထိုသို့သယ်ယူရာတွင်လည်း ကျောက်တုံးတော်ကြီးများကို ပင့်ဆောင်သည့် Modula Trailar များ ထုတ်လုပ်သော ဂျာမနီနိုင်ငံမှ Goldhofer Company အနေဖြင့် ကမ္ဘာပေါ်တွင် အလေးချိန်အများဆုံး အရာဝတ္ထုများကို ခရီးအကွာအဝေးအရှည်ဆုံး ရွှေ့ပြောင်းသယ်ယူနိုင်ခဲ့သည့် အသိအမှတ်ပြု Certificate ကို ပေးအပ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အလေးချိန်အများဆုံးစကျင်ကျောက်အား အဝေးဆုံးသော ရေလမ်းခရီးသယ်ဆောင်မှုနှင့် အဝေးဆုံးသော ကုန်းလမ်းခရီးသယ်ဆောင်မှုကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ဘုရားကြီး တည်ထားကိုးကွယ်ရေး ဆောင်ရွက်ရာတွင် နိုင်ငံ့ဂုဏ်ဆောင်၍

*စာမျက်နှာ ၈ သို့*



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဘုရားကြီးနှင့် ဗုဒ္ဓဥယျာဉ်ပုံစံငယ်များ၊ ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ထားမှုနှင့် Tablet များအတွင်း ထည့်သွင်းထားရှိမှုကို ရှင်းလင်းပြောကြားစဉ်။





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယကျောင်းတော်နှင့် မုစလိန္ဒကန်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြသစဉ်။

*စာမျက်နှာ ၇ မှ*

ခမ်းခမ်းနားနားထင်ထင်ပေါ်ပေါ်ရှိစေရေး တည်ဆောက်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း၊ ဘုရားကြီး တည်ထားကိုးကွယ်ရန်အတွက် မြေနေရာကို စနစ်တကျဖြင့် အကွက်ချ တွက်ချက်ဆောင်ရွက်ခဲ့သကဲ့သို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှလည်း ဩဝါဒခံယူခြင်းများဆောင်ရွက်ခဲ့ကြောင်း၊ ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ပိဋကတ်သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language ဖြင့် ရေးထိုးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဘွဲ့အမည်ကိုလည်း ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ မိန့်ကြားချက်အရ “မာရဝိဇယ” ဟူသည့် ဘွဲ့အမည်ကို ဆက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း။

ပိဋကတ်သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်ထပ်အက္ခရာတင် ရေးထိုးနိုင်ရေးနှင့် ကျမ်းစာအုပ်များ ပြုစုထုတ်ဝေနိုင်ရေး ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျမ်းစာအုပ်များ ရိုက်နှိပ်ရာတွင်လည်း အရည်အသွေး ကောင်းမွန်သည့် စက္ကူများဖြင့် ရိုက်နှိပ်ခြင်းဖြစ်ကြောင်း၊ အလားတူ အဆိုပါပိဋကတ်သုံးပုံအား Application ဖြင့် ထည့်သွင်း၍ Tablet များတွင် ဖတ်ရှုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းပိဋကတ်ကျမ်းစာများကို ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာကိုးကွယ်သည့် ဘာသာရေးဌာနများသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစီအစဉ်များ အဆင့်ဆင့်ချမှတ် ဆောင်ရွက်ခဲ့ကြောင်း၊ မာရဝိဇယ ဥယျာဉ်အတွင်း ချောင်းဖြောင့်ခြင်းလုပ်ငန်းဆောင်ရွက်ပြီး မန္တလေးနန်းတော် မင်္ဂလာတံတားပုံစံ တံတားတစ်စင်းကိုလည်း ထည့်သွင်းတည်ဆောက်ခဲ့ကြောင်း၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားမည့် နေရာတွင် တန်ချိန် ၂၀၀၀၀ ခံနိုင်ရည်ရှိသည့် အောက်ခံခုံ တည်ဆောက်နိုင်ရန်အတွက် ဘိုးပိုင်များရိုက်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ပလ္လင်တော်အစိတ်အပိုင်းများ ပင့်ဆောင်နေရာချထားခြင်းနှင့် တွဲဆက်ခြင်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ပလ္လင်တော် အစိတ်အပိုင်းများကို ထုဆစ်ရာတွင်လည်း CNC စက်ကြီးများဖြင့် ထုဆစ်ခဲ့ခြင်းဖြစ်ကြောင်း။

**သတ္တုဌာန ၇ နေရာ၏ အောင်မြေများနှင့် နိုင်ငံတော်တစ်ဝန်းလုံးရှိ အောင်မြေဌာနပေါင်း ၃၅ ဌာနတို့မှ အောင်မြေများ ထည့်သွင်းပူဇော်**

ရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ တူရူအရပ်တွင် ဝိဇယဘူမိနိမ္မာန အောင်မြေတည်ထားခြင်းကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ခဲ့ပြီး သတ္တုဌာန ၇ နေရာ၏ အောင်မြေများနှင့် နိုင်ငံတော်တစ်ဝန်းလုံးရှိ အောင်မြေဌာနပေါင်း ၃၅ ဌာနတို့မှ အောင်မြေများကို ထည့်သွင်းပူဇော်ခဲ့ပါကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး ရေပန်းရင်ပြင် တည်ဆောက်ခြင်းနှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေး လုပ်ငန်းများကိုလည်း စနစ်တကျဖြင့် တည်ဆောက်ခဲ့ကြောင်း၊ အလားတူ သုဓမ္မာဇရပ်များ တည်ဆောက်ရာတွင် ကျွန်းတိုင်များအသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရေးမူမပျက်ဆောက်လုပ်ထားခြင်းဖြစ်ပြီး ဘုရားဖူးလာပြည်သူများ အနားယူနိုင်မည်ဖြစ်ကြောင်း၊ ဆင်းတုတော်ကြီးအား ထုဆစ်ရာတွင်လည်း ကိုးပေအရွယ်ရှိသည့် ကျောက်ဆစ်ရုပ်ပွားတော်ကို နမူနာထုဆစ်၍ ဆောင်ရွက်ခဲ့ပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းနမူနာ ဆင်းတုတော်ကြီးကိုလည်း အပိုင်းလိုက်ခွဲ၍ CNC စက်များဖြင့် အဆင့်ဆင့် ထွင်းထုခဲ့ခြင်းဖြစ်ကြောင်း။

မာရဝိဇယကျောင်းတော်နှင့် မုစလိန္ဒကန်တည်ဆောက်ခြင်းနှင့် ပတ်သက်၍ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို စောင့်ရှောက်ရန်အတွက် ဩဝါဒါစရိယ ဆရာတော်ကြီးများရှိရန် လိုအပ်သဖြင့် မာရဝိဇယကျောင်းတော်ကို တည်ဆောက်ခဲ့ကြောင်း၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား တည်ထားရာတွင်လည်း ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ဝိနည်းမဟာဝါ ပါဠိတော်၊ ဝိနည်းမဟာဝါ အဋ္ဌကထာ၊ သာရတ္ထ ဋီကာ၊ မူလပဏ္ဏာသ အဋ္ဌကထာ၊ ဥဒါန်းပါဠိတော်၊ ဇာတကအဋ္ဌကထာ စသည့်ပိဋကတ်တော်လာ အဆိုများနှင့် မဟာဗုဒ္ဓဝင် ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာ တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျည်းပင် ၃ ပင်ကိုလည်း စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း။

**ဆင်းတုတော်အစိတ်အပိုင်းများ ရွှေ့ပြောင်းရာတွင် အမှားအယွင်းများ မရှိအောင် ဆောင်ရွက်နိုင်ခဲ့**

ဆင်းတုတော်အပိုင်းများ တွဲဆက်ခြင်းများကို အခက်အခဲများကြားမှ အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းတုတော် အစိတ်အပိုင်းများ ရွှေ့ပြောင်းရာတွင်လည်း အမှားအယွင်းများ မရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တစ်ချိန်တည်း၌ပင် ရုပ်ပွားတော်မြတ်ကြီး၏ ရှေ့မျက်နှာမူရာတည့်တည့်၌ ကျောက်စာရုံစေတီများ တည်ဆောက်ရေးကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ကျောက်စာရုံစေတီများ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ဘုရားဖူးလာမိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာ ကျမ်းစာများကို တစ်ပါတည်း လေ့လာဖတ်ရှုကြည်ညိုနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်း၍ တည်ထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျောက်စာရုံ စေတီတော်များကို မန္တလေးမြို့၊ မဟာကုသိုလ်တော်ဘုရား ကျောက်စာရုံများ ပုံစံယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်စာများ ရေးထိုးရာတွင်လည်း မှားယွင်းမှုမရှိစေရေးအတွက် ရန်ကုန်၊ မန္တလေးနှင့် သီတဂူသာသနာ့တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ ဦးဆောင်မှုဖြင့် ဆရာတော်ကြီးများက နေ့စဉ်တည်းဖြတ်၍ စနစ်တကျ မှတ်တမ်းတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်စာရုံ စေတီတော်များ တည်ဆောက်ရာတွင်လည်း မြေနေရာခိုင်ခံ့မှုရှိစေရေး စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ကျောက်စာချပ်များအားလုံး အချိန်မီရေးထိုးပြီးစီးနိုင်ရေး CNC စက်များဖြင့် ရေးထိုးဆောင်ရွက်ခဲ့ပြီး အမှားအယွင်း မရှိစေရေးအတွက်လည်း အကြိမ်ကြိမ် တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများအနေဖြင့် ဗုဒ္ဓမြတ်စွာဘုရား၏ နှုတ်ကပါဠ်တော်လာ ပိဋကတ်သုံးပုံ အဋ္ဌကထာဋီကာကျမ်းစာများကို ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် တစ်ပါတည်း လေ့လာ နာယူကြည်ညိုနိုင်ရေးအတွက် ကျောက်စာရုံစေတီများကို တည်ဆောက်ရာတွင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာမူရာ ရှေ့တူရူအရပ်တွင် တည်ဆောက်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မည်သည့် ကျောက်စာရုံ၌ ပိဋကတ်သုံးပုံကျမ်းစာများကို လေ့လာသည်ဖြစ်စေ ကျောက်စာရုံများမှ ထွက်သည့်အခါ၌ ဘုရားကြီး၏ မျက်နှာတော်ကို တွေ့မြင်ဖူးမြော်ကြည်ညိုနိုင်ရေး စနစ်တကျ တွက်ချက်တည်ဆောက်ထားသည် ဖြစ်သကဲ့သို့ မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် နှုတ်ကပါဠ်တော်လာ ပိဋကတ်သုံးပုံ အဋ္ဌကထာဋီကာ ကျမ်းစာများသည်လည်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာတွင် တည်ရှိနေမည်ဖြစ်ကြောင်း။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများ တွဲဆက်ရာတွင် ခိုင်မာမှုရှိစေရေးအတွက် ခေတ်မီနည်းပညာများဖြင့် ဆောင်ရွက်ထားရှိကြောင်း၊ အလားတူ တွဲဆက်ထားသည့် ဆင်းတုတော်အပိုင်းများကို ပင့်ထောင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် တပ်မတော် အင်ဂျင်နီယာတပ်ဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ပြည်ပ ပညာရှင်များ လုံးဝပါရှိခြင်း မရှိကြောင်း၊ တန်ချိန်ပေါင်း ၁၇၀၀ ရှိသည့် ဆင်းတုတော်အပိုင်း (၁၊၂၊၃) တို့ တွဲဆက်ထားသည့် အပိုင်းအား ပင့်ထောင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သံမဏိပန်းတောင်းကို အသုံးပြုခဲ့ရကြောင်း၊ ဆင်းတုတော် အပိုင်းများ ထည့်သွင်းထားသည့် သံမဏိပန်းတောင်းကို တန်ချိန် ၁၅၀၀ ရှိသည့် သံမဏိမျှော်စင်ကြီးနှင့် တန်ချိန် ၂၅၀ ရှိ အထောက်အကူပြု သံမဏိစင်ကို အသုံးပြု၍ ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ပင့်ထောင်ခြင်း လုပ်ငန်းများနှင့် ပင့်ဆောင်ခြင်း လုပ်ငန်းများကို အမှားအယွင်းများ မရှိစေရေး ခက်ခက်ခဲခဲဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ဇန်နဝါရီ ၂၆ ရက်တွင် ဆင်းတုတော်အပိုင်း (၁၊ ၂၊ ၃) တို့အား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်း အခမ်းအနားကို ပြုလုပ်ခဲ့ပြီး ဇန်နဝါရီ ၃၁ ရက်တွင် ပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင် ပူဇော်နိုင်ခဲ့ကြောင်း၊ ဇန်နဝါရီ ၂၇ ရက်တွင် ရတနာပလ္လင်တော်ထက်တွင် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားနှင့်

*စာမျက်နှာ ၉ သို့*

- **ကျောက်တုံးတော်ကြီးများကို ကုန်းလမ်းခရီးဖြင့် သယ်ယူရာတွင် စုစုပေါင်း ၇ ခေါက် သယ်ယူခဲ့ရပြီး အလေးချိန်အနေဖြင့် ၇၆၃၂ တန်ဖြစ်**
- **ထိုသို့သယ်ယူရာတွင်လည်း ကျောက်တုံးတော်ကြီးများကို ပင့်ဆောင်သည့်** Modula Trailar **များ ထုတ်လုပ်သော ဂျာမနီနိုင်ငံမှ** Goldhofer Company **အနေဖြင့် ကမ္ဘာပေါ်တွင် အလေးချိန်အများဆုံးအရာဝတ္ထုများကို ခရီးအကွာအဝေးအရှည်ဆုံး ရွှေ့ပြောင်းသယ်ယူနိုင်ခဲ့သည့် အသိအမှတ်ပြု** Certificate **ကို ပေးအပ်ခဲ့**
- **မိမိတို့အနေဖြင့် အလေးချိန်အများဆုံး စကျင်ကျောက်အား အဝေးဆုံးသော ရေလမ်းခရီးသယ်ဆောင်မှုနှင့် အဝေးဆုံးသော ကုန်းလမ်းခရီးသယ်ဆောင်မှုကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်**

- ဘုရားကြီးတည်ထားကိုးကွယ်ရေး ဆောင်ရွက်ရာတွင် နိုင်ငံ့ဂုဏ်ဆောင်၍ ခမ်းခမ်းနားနား ထင်ထင်ပေါ်ပေါ်ရှိစေရေး တည်ဆောက်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့
- ဘုရားကြီးတည်ထားကိုးကွယ်ရန်အတွက် မြေနေရာကို စနစ်တကျဖြင့် အကွက်ချတွက်ချက် ဆောင်ရွက်ခဲ့သကဲ့သို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှလည်း ဩဝါဒ ခံယူခြင်းများ ဆောင်ရွက်ခဲ့
- ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ ပြည့်စုံစွာဖြင့် ထည့်သွင်း တည်ဆောက်နိုင်ရေး ဆောင်ရွက်ခဲ့
- ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ မာရဝိဇယဗုဒ္ဓဥယျာဉ်တော် အတွင်း ပိဋကတ်သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language ဖြင့် ရေးထိုးနိုင်ရေး ဆောင်ရွက်ခဲ့
- ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဘွဲ့အမည်ကိုလည်း ဩဝါဒါစရိယဆရာတော်ကြီးများ၏ မိန့်ကြားချက်အရ "မာရဝိဇယ" ဟူသည့် ဘွဲ့အမည်ကို ဆက်ကပ်ခဲ့ခြင်းဖြစ်

*စာမျက်နှာ ၈ မှ*

ဖေဖော်ဝါရီ ၁၀ ရက်၌ ရတနာပလ္လင်တော်ထက်တွင် ဒုတိယအကြိမ် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတို့ကို ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ (၇) ရက်သား၊ သမီး၊ ဘုရား ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြု လှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာ ဌာပနာတော် ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့ကြောင်း။

သာသနဒ္ဓဇမာန်နှင့် ပတ်သက်၍ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရန်အတွက် သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၈၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ သာသနဒ္ဓဇမာန် အဂ္ဂိမ်ပတိဝိသုံဂါမ သိမ်တော်ကြီးကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ခဲ့ကြောင်း၊ သာသနဒ္ဓဇမာန်တော်ကြီးသည် သိမ်သမုတ်ထားသည့် သိမ်တော်ကြီး တစ်ခုဖြစ်ကြောင်း။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်မှုအချောသပ်လုပ်ငန်းနှင့် ဆေးသင်္ကန်းကပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆရာတော်ကြီးများထံမှ ဩဝါဒ ခံယူဆောင်ရွက်ခဲ့ကြောင်း၊ ဥဏ္ဏာလုံ မွေးရှင်တော်မြတ်ကိုလည်း တပ်ဆင်ပူဇော်ခဲ့ကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တန်ချိန် ၂၀၀၀၀ အထိ ခံနိုင်သော အောက်ခံအမာရရှိရေး၊ တစ်နာရီလေတိုက်နှုန်း မိုင် ၁၂၀ ရှိသည့် လေပြင်းမုန်တိုင်း တိုက်ခတ်မှု ဒဏ်ခံနိုင်ရေး၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံး လှုပ်ခတ်နိုင်သည့် Earthquake Magnitude ၈ ဒသမ ၈ အထိ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် လျှပ်စီးမိုးကြိုးများကြောင့် ဆင်းတုတော်ကြီး ထိခိုက်မှု မရှိစေရေးတို့အတွက် အင်ဂျင်နီယာရှုထောင့်မှ စနစ်တကျ တွက်ချက် တည်ဆောက်ခဲ့ကြောင်း၊ ဆင်းတုတော်ကြီး၏ ကျောက်တုံးတော်ကြီးများကို တွဲဆက်ခြင်းများ ဆောင်ရွက်ရာတွင်လည်း သမားရိုးကျ နည်းလမ်းများနှင့် ခေတ်မီနည်းလမ်းများ ပေါင်းစပ်တည်ဆောက်ထားခြင်းဖြစ်ကြောင်း။

**ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုကို သိရှိရခြင်းဖြင့် ကုသိုလ်သဒ္ဓါများပွားနိုင်စေရန် ရည်ရွယ်**

ရင်ပြင်တော်ကြီး တည်ဆောက်ရေးနှင့်ပတ်သက်၍ မြက်ခင်းများကိုလည်း ထည့်သွင်း တည်ဆောက်ထားကြောင်း၊ ဂန္ဓကုဋိတိုက်များကိုလည်း စကျင်ကျောက်များ အသုံးပြု၍ မန္တလေးမြို့၊ အတုမရှိကျောင်းတော်၏ ပုံစံအတိုင်း အဆောင်တစ်ခုနှင့် တစ်ခု အနုလက်ရာများ လုံးဝမတူညီသည့် ၂၄ ဆောင် တည်ဆောက်ထားပြီး ဘုရားဖူးလာပြည်သူများအနေဖြင့် နေပူပြင်းသည့် အချိန်များတွင် ဂန္ဓကုဋိတိုက်တော်များ အတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညို နိုင်စေရန် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ တံခွန်တိုင်နှင့် သဒ္ဒါမိပတိ ခေါင်းလောင်းတော်တို့ကိုလည်း ထည့်သွင်း တည်ဆောက်ထားပါကြောင်း၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်နိုင်ရေးအတွက် စက်လှေကားကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိကြောင်း၊ ဘုရားကြီးပရိဝုဏ်တော်အတွင်း အိန္ဒိယနိုင်ငံမှ ရရှိသည့် ဗောဓိညောင်ပင်ကိုလည်း စိုက်ပျိုးထားရှိကြောင်း၊ ဘုရားကြီး၏ ဘယ်ဘက်နှင့် ညာဘက်တို့တွင် လုမ္ဗိနီအင်ကြင်းတောနှင့် ဘုရားကြီး၏ အနောက်ဘက်တွင် လင်းလွန်းပင်နှင့် လုမ္ဗိနီအင်ကြင်းပင်များကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ရေပန်းရင်ပြင်နှင့်ကျောက်စာရုံများ အဆင့်ဆင့်တိုးတက်လာမှုအား Drone ဖြင့် ရိုက်ကူးထားရှိမှုမှတ်တမ်း Video Clip နှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်ကြီး တည်ဆောက်ပြီးစီးပါက ဖူးမြော်မြင်တွေ့ရမည့် အခြေအနေများကို အထူးပြုလုပ်ချက် Video Clip ဖြင့် ရှင်းလင်းပြသပြီး ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကို တည်ဆောက်ခဲ့ရာတွင် အခက်အခဲများစွာကြားမှ နေ့ညမအား ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် ပါဝင်ခဲ့ကြသည့် ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ တပ်မတော်အင်ဂျင်နီယာပညာရှင်များနှင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ပါဝင်ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်များကိုလည်း ယနေ့နံနက်ပိုင်း၌ ထိုက်တန်သည့် ဘွဲ့တံဆိပ်၊ ဆုတံဆိပ်များအား ဂုဏ်ပြုချီးမြှင့်သည့် အမိန့်စာကို ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ယခုတက်ရောက်လာကြသူများအနေဖြင့် အမျိုးဘာသာ၊ သာသနာအတွက် သော်လည်းကောင်း၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက်သော်လည်းကောင်း တစ်စိတ်တစ်ပိုင်းတွင် ပါဝင်ထမ်းဆောင်နေကြသူများ၊ နိုင်ငံ့ဂုဏ်ကို ဆောင်နေကြသူများ ဖြစ်သဖြင့် အသိပေးသင့်သည်ဟု ယူဆ၍ ယခုကဲ့သို့ အသေးစိတ်ရှင်းလင်းပြသပေးခြင်းပင်ဖြစ်ကြောင်းနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုကို သိရှိရခြင်းဖြင့် ကုသိုလ်သဒ္ဓါများပွားနိုင်စေရန် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် ယနေ့ တက်ရောက်လာကြသူများ၏ လှူဒါန်းမှုအနေဖြင့် စေတနာရှင်အလှူရှင် ၃၇၇ ဦးမှ လှူဒါန်းငွေမှာ ၁၇ ဒသမ ၄၁၅ ဘီလီယံ (ငွေကျပ် ၁၇၄၁၅ သန်း) ဖြစ်ကြောင်း သိရှိရသည်။

**လှူဒါန်းကုသိုလ်ယူမှုများအတွက် ဝမ်းမြောက်နုမော်သာခုခေါ်ဆို**

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မတည်အလှူငွေများ စုပေါင်း လှူဒါန်းကြခြင်းအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် အမျိုးဘာသာ၊ သာသနာအတွက်သော်လည်းကောင်း၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် သော်လည်းကောင်း တစ်စိတ်တစ်ပိုင်းတွင် ပါဝင်ထမ်းဆောင်နေကြသူများ၊ နိုင်ငံ့ဂုဏ်ကို ဆောင်နေကြသူများဖြစ်သဖြင့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် တည်ဆောက်နေမှုများကို ရှင်းလင်းပြသခဲ့ခြင်းဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် ဓမ္မမိတ်ဆွေများ၏ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်းမှုများကိုလည်း စနစ်တကျ မှတ်တမ်းတင်ရှိပါကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာ တင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့)၊ ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်လာမည့် စကျင်ကျောက်တုံးတော်ကြီးကို စတင်လှူဒါန်းသည်မှ အနေကဇာတင်လှူခြင်း မပြုမီအထိ လှူဒါန်း ကုသိုလ်ပြုမှုများသည် ကုသိုလ်ကို အစပြု ထူထောင်ကြသူ (Founder) များပင် ဖြစ်ပါကြောင်း၊ မကြာမီကျင်းပသွားမည့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်းနှင့် ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်း ရေစက်ချမင်္ဂလာအခမ်းအနား ဆောင်ရွက်ပြီးနောက်မှ ကြည်ညိုသဒ္ဓါပွားများစိတ်ဖြင့် လှူဒါန်းမှုကုသိုလ်များမှာ ကုသိုလ်ဆက်အလှူပင်ဖြစ်ပါကြောင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း မဟာမင်္ဂလာအခမ်းအနားသို့ စေတနာရှင် အလှူရှင်များ တက်ရောက်နိုင်ရေးအတွက်လည်း ဖိတ်ကြားအပ်ပါကြောင်း၊ ယနေ့ ရှင်းလင်းပွဲသို့ အချိန်ပေး၍ တက်ရောက်ခဲ့ပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုအပေါ် ကြည်ညိုသဒ္ဓါစိတ်များ ဖြစ်ပေါ်၍ လှူဒါန်းကုသိုလ်ယူမှုများအတွက်လည်း ဝမ်းမြောက်နုမော် သာခုခေါ်ဆိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများသည် မာရဝိဇယဘုရားကြီးနှင့် ဗုဒ္ဓဥယျာဉ်ပုံစံငယ်များ၊ ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ထားမှုနှင့် Tablet များအတွင်း ထည့်သွင်းထားရှိမှုများကို ကြည့်ရှုကြပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တည်ထားကိုးကွယ်မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး အခမ်းအနား တက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုဖူးမြော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တံတားဦးမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ



**တံတားဦး ဇူလိုင် ၂၃**

တံတားဦးခရိုင် တံတားဦးမြို့နယ် ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၂ ရက်က တံတားဦးမြို့နယ် ဟံသာဝတီကျေးရွာအုပ်စု တောင်ဘီလူ အခြေခံပညာ အထက်တန်းကျောင်းအတွင်း၌ ကျင်းပသည်။

ရေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် အဖွဲ့ဝင်များက တာဝန်ရှိသူများထံသို့ ရတနာတန်းဝင် ကျွန်းပင်များကို အသီးသီး ပေးအပ်ကြသည်။

ဆက်လက်၍ သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးအောင်ရဲကျော်၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများက ရတနာတန်းဝင် ကျွန်းပင် ၂၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ခန္တီးမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်ရှိ ဒေသခံပြည်သူများအား ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့နယ်ရှိဆင်သေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၃၃၉ ဦးတို့အား သွေးတိုးရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ခန္တီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၁၂၅ / ၂၀၂၃**
**၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း ၆ ရက်**
**( ၂၀၂၃ ခုနှစ် ၊ ဇူလိုင်လ ၂၃ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်တွင် ကိန်းဝပ်စံပယ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်းများနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ရာတွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော အောက်ဖော်ပြပါ ဆရာတော်ကြီးများ/ လူပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

## ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ

### သရေစည်သူဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ | နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ဥက္ကဋ္ဌ | သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ် (စစ်ကိုင်း) |
| ၂။ | ဘဒ္ဒန္တသဒ္ဓိယ | ရွှေသုဝဏ်ဆရာတော်ကြီး | ပုညနိမ္မိတာရာမရွှေသုဝဏ်ကျောင်းတိုက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဒေါက်တာ ဘဒ္ဒန္တ သီလာနန္ဒာဘိဝံသ | ပါမောက္ခချုပ်ဆရာတော် (ငြိမ်း) | အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဘဒ္ဒန္တဝိမလဗုဒ္ဓိ | ပါဠိဆရာတော် | ပါဠိတက္ကသိုလ် မင်္ဂလာဖေယျုံပရိယတ္တိစာသင်တိုက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော် |
| ၅။ | ဒုတိယဗိုလ်ချုပ်ကြီး ညိုစော | | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် |
| ၆။ | ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဗိုလ်ချုပ် ကိုကိုလွင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဒေါက်တာ ညီလှငယ် | နာယက | အင်ဂျင်နီယာကောင်စီ |

### စည်သူဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ | ပါမောက္ခချုပ်ဆရာတော် | အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဘဒ္ဒန္တခေမာနန္ဒ (ရန်ကင်းဆရာတော်) | ပဓာနနာယက | အဘိဝိနယာစရိယစာသင်တိုက်၊ရန်အောင်မြင်တောရကျောင်း (မြို့တော်ဝန်ကျောင်း)၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော် |
| ၃။ | ဦးမျိုးသန့် | ပြည်ထောင်စုဝန်ကြီး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၄။ | ဒေါက်တာတိုးတိုးဝင်း | Structure ပညာရှင် | အင်ဂျင်နီယာကောင်စီ |

## တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့

### သူရဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူး သော်ဇင် (လေ) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | တ-၂၅၃၇၄၇ တပ်ကြပ်ကြီး ဝင်းမြင့်သူ | | ကာကွယ်ရေးဝန်ကြီးဌာန |

## စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ

### သီရိပျံချီဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) | စိစစ်တည်းဖြတ်ရေးနာယကဆရာတော် | မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဘဒ္ဒန္တဉာဏသာမိ | ပဓာနနာယက | ပုညနိမ္မိတာရာမရွှေသုဝဏ်ကျောင်းတိုက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဒေါက်တာ ဘဒ္ဒန္တကုမာရ | ပါမောက္ခချုပ်ဆရာတော် | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) |
| ၄။ | ဒေါက်တာ ဘဒ္ဒန္တကေသရ | ပါမောက္ခချုပ်ဆရာတော် | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) |
| ၅။ | ဘဒ္ဒန္တဇောတိက | ဒုတိယပါမောက္ခချုပ် (သင်ကြား) | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) |
| ၆။ | ဘဒ္ဒန္တဉာဏာလင်္ကာရာဘိဝံသ | ဒုတိယပါမောက္ခချုပ် (သင်ကြား) | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) |
| ၇။ | ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်) | စိစစ်တည်းဖြတ်ရေးနာယကဆရာတော် | တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၈။ | ဘဒ္ဒန္တသုနန္ဒရ (စွန်းလွန်းဆရာတော်) | စိစစ်တည်းဖြတ်ရေးနာယကဆရာတော် | စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉။ | ဒေါက်တာ ဘဒ္ဒန္တသုမန | ပါမောက္ခ/ ဌာနမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) |
| ၁၀။ | ဒေါက်တာ ဘဒ္ဒန္တကေသရ | ဌာနကြီးမှူး | အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁။ | ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်) | စိစစ်တည်းဖြတ်ရေးနာယကဆရာတော် | ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၂။ | ဒေါက်တာ ဘဒ္ဒန္တအာစိဏ္ဏ | ဌာနကြီးမှူး | အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၃။ | ဒေါက်တာ ဘဒ္ဒန္တကုသလ | ပါမောက္ခ | သီတဂူဗုဒ္ဓတက္ကသိုလ် (စစ်ကိုင်း) |
| ၁၄။ | ဒေါက်တာ ဘဒ္ဒန္တကုမုဒ | မော်ကွန်းထိန်းဆရာတော် | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) |
| ၁၅။ | ဘဒ္ဒန္တအဂ္ဂသာမိ (American) | ပဓာနနာယက | အနန္တသိန်းဗီကျောင်းတိုက်၊ CERRITOS AVE. (ANANDA THEIN VIEN) 1661 W, CA 92802, ANAHEIM, လော့အိန်ဂျယ်လိစ်မြို့၊ အမေရိကန်နိုင်ငံ |
| ၁၆။ | ဒေါက်တာ ဘဒ္ဒန္တဇနက | ဌာနကြီးမှူး | အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၇။ | ဒေါက်တာ ဘဒ္ဒန္တနေ့ာဓိဉာဏ | ဒုတိယပါမောက္ခချုပ်ဆရာတော် | အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၈။ | ဘဒ္ဒန္တပဏ္ဍိတ | ကထိကဆရာတော် | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) |
| ၁၉။ | ဘဒ္ဒန္တမာဃိန္ဒ | လက်ထောက်ကထိကဆရာတော် | အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၀။ | ဘဒ္ဒန္တကုသလဂုဏ (Vietnam) | ပဓာနနာယက | ဘူလောင်စာသင်တိုက်၊ လောင်ဘင့်ရပ်ကွက်၊ ဟိုချီမင်းမြို့၊ ဗီယက်နမ်နိုင်ငံ |
| ၂၁။ | ဗိုလ်ချုပ် ကိုကိုဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | ဗိုလ်မှူးချုပ် ဇော်နိုင်ဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ဦးအောင်မြင့် | အင်ဂျင်နီယာပညာရှင် | အင်ဂျင်နီယာကောင်စီ |

### ဝဏ္ဏကျော်ထင်ဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီး တင့်လွင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဦးဟန်စိုးကျော် | မန်နေဂျင်းဒါရိုက်တာ | Two Elephant Tranding Co.,Ltd |

### သိပ္ပကျော်စွာဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်မြိုင် | ဒုတိယဝန်ကြီး | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူး ပြည့်ဖြိုးမောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဦးချမ်းအေး | Structure ပညာရှင် | အင်ဂျင်နီယာကောင်စီ |
| ၄။ | ဦးဇာလီချမ်း | Structure ပညာရှင် | အင်ဂျင်နီယာကောင်စီ |

## တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်

### သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်ကြီး အောင်ဖြိုးကျော် (လေ) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | တတ-၁၂၄၇၂၈ ဒုတိယတပ်ကြပ် တင်လင်းအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်များ

### ရဲသူရတံဆိပ်

| | | |
|---|---|---|
| ၁။ | ဦးဝင်းဇော် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဦးဝေကျော်နိုင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | ဦးတင်ဇော်ဦး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | ဦးသိန်းဇော်ဦး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅။ | ဦးအောင်စိုးမင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၆။ | ဦးဘိုခွေး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၇။ | ဦးသဲမောင်မောင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၈။ | ဦးဖိုးမင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၉။ | ဦးအောင်မြင့်ထိုက် | စစ်ကိုင်းတိုင်းဒေသကြီး |

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

## ရဲဗလတံဆိပ်

| | | |
|---|---|---|
| ၁။ | လ ၂၈၅၁၆၂ ရဲတပ်သား ရှိုင်းထက်အောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ဦးသိန်းဇော် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | ဦးအောင်ဆန်းဝင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | ဦးချောဝင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅။ | ဦးမောင်မိုး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၆။ | ဦးခိုင်မင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၇။ | ဦးမင်းမောင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၈။ | ဦးဝင်းတင့် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၉။ | ဦးမျိုးတင့် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀။ | ဦးအောင်ထွန်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၁။ | ဦးအောင်သူ | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၂။ | ဦးချစ်ဝင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၃။ | ဦးဟန်မောင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၄။ | ဦးကျော်မိုး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၅။ | ဦးကျော်မြင့် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၆။ | ဦးနိုင်လင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၇။ | ဦးသက်နိုင်စိုး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၈။ | ဦးဖြိုးဖြိုး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၉။ | ဦးခန့်ထွဋ်ဝင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၀။ | ဦးထွန်းနိုင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၁။ | ဦးကျော်နိုင်ဝင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၂။ | ဦးစိုးသန်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၃။ | ဦးကျော်ကျော်လွင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၄။ | ဦးစိုးတင့် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၅။ | ဦးဝေဖြိုးအောင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၆။ | ဦးအောင်အောင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၇။ | ဦးဇော်လင်းအောင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၈။ | ဦးစိုးဝင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၉။ | ဦးကျော်လင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၀။ | ဦးမြင့်ဝေ | မကွေးတိုင်းဒေသကြီး |
| ၃၁။ | ဦးအောင်မိုးဝင်း | မကွေးတိုင်းဒေသကြီး |
| ၃၂။ | ဦးဝင်းချိန် | မကွေးတိုင်းဒေသကြီး |
| ၃၃။ | ဦးမြင့်ထွန်းနိုင် | မကွေးတိုင်းဒေသကြီး |
| ၃၄။ | ဦးတင်လင်းစိုး | မကွေးတိုင်းဒေသကြီး |
| ၃၅။ | ဦးရှိန်းမင်းထွန်း | မကွေးတိုင်းဒေသကြီး |
| ၃၆။ | ဦးပြည့်ဖြိုးအောင် | မကွေးတိုင်းဒေသကြီး |

## စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ

### စီမံထူးချွန်တံဆိပ် (ပထမဆင့်)

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်ချုပ် ထိန်ဝင်း (ရေ) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးကြီး ဝင်းမိုးခိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူးကြီး နေအောင်ကျော်(ရေ) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဒုတိယဗိုလ်မှူးကြီး ရဲထွန်းအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဒုတိယဗိုလ်မှူးကြီး အောင်ကို | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဒုတိယဗိုလ်မှူးကြီး အောင်ထက်ဟိန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ခိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဒုတိယဗိုလ်မှူးကြီး ဖုန်းအောင်လင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဒုတိယဗိုလ်မှူးကြီး ကျော်သူရ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဒုတိယဗိုလ်မှူးကြီး ဟန်ဝင်းလှိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဒုတိယဗိုလ်မှူးကြီး မင်းသူရ (ရေ) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဒုတိယဗိုလ်မှူးကြီး နိုင်ဦး(ရေ) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဦးမျိုးဇော်သန့် | ဒါရိုက်တာ | Two Elephant Trading Co.,Ltd. |
| ၁၄။ | ဦးဉာဏ်ဝင်း | မန်နေဂျင်းဒါရိုက်တာ | သူရိယစန္ဒာကုမ္ပဏီ |

### စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)

| | | | |
|---|---|---|---|
| ၁။ | ဦးကျော်လင်း | ဦးဆောင်ညွှန်ကြားရေးမှူး | မြန်မာစီးပွားရေးကော်ပိုရေးရှင်း |
| ၂။ | ဗိုလ်မှူးကြီး ဝင်းမင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒုတိယဗိုလ်မှူးကြီး မင်းရဲထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဒုတိယဗိုလ်မှူးကြီး ကျော်မြင့်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဒုတိယဗိုလ်မှူးကြီး စောရန်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ်မှူး မျိုးမင်းလတ် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဗိုလ်မှူး ဘုန်းဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဗိုလ်မှူး မင်းသူအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဗိုလ်မှူး ထွန်းအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဗိုလ်မှူး သီဟသိန်းဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဗိုလ်မှူး ဖြိုးဝေသက် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဗိုလ်မှူး အောင်သူရဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဗိုလ်မှူး မင်းသက်တင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | ဗိုလ်မှူး သန့်ဇော်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဗိုလ်မှူး အောင်သူ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | ဗိုလ်မှူး စိုးမင်းထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဗိုလ်မှူး နေလင်းထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | ဗိုလ်မှူး ကောင်းလှဖြူ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဗိုလ်မှူး တင်နေဇာလွင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ဗိုလ်မှူး စန်းယုလွင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ဗိုလ်မှူး သာဖြိုးအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | ဗိုလ်မှူး ဖြိုးမောင်မောင်ဝင်း (ရေ) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ဗိုလ်မှူး ဝေယံတင်ဦး(ရေ) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | ဗိုလ်မှူး အောင်အောင်(ရေ) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | ဦးရဲသွေးအောင် | ဒုတိယအထွေထွေမန်နေဂျာ | မြန်မာစီးပွားရေးကော်ပိုရေးရှင်း |
| ၂၆။ | ဦးစိုးလွင်ကျော် | အထွေထွေမန်နေဂျာ | မြန်မာစီးပွားရေးကော်ပိုရေးရှင်း |
| ၂၇။ | ဦးသန်းကျော် | ဦးစီးအရာရှိ | သသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၂၈။ | ဦးဖြိုးအောင်ကျော် | မန်နေဂျင်းဒါရိုက်တာ | United Elephants Steel Solutions Co.,Ltd. |

### စီမံထူးချွန်တံဆိပ် (တတိယဆင့်)

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ်(ငြိမ်း) သိုက်ဝင်းထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးချုပ် တင်မောင်သန်း (ရေ) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူးကြီး ထွန်းထွန်းစိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်မှူးကြီး မြဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဒုတိယဗိုလ်မှူးကြီး ဉာဏ်လင်းထက် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) ထွန်းအောင်ကျော် (ရေ) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဒုတိယဗိုလ်မှူးကြီး သင်းမောင် (ရေ) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဦးအန့်ဇော် | ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး | မြန်မာစီးပွားရေးကော်ပိုရေးရှင်း |
| ၉။ | ဦးအေးလွင် | ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး | မြန်မာစီးပွားရေးကော်ပိုရေးရှင်း |
| ၁၀။ | ဦးအောင်အောင် | ဒုတိယအထွေထွေမန်နေဂျာ | မြန်မာစီးပွားရေးကော်ပိုရေးရှင်း |
| ၁၁။ | ဦးမင်းဇင် | လက်ထောက်အထွေထွေမန်နေဂျာ | မြန်မာစီးပွားရေးကော်ပိုရေးရှင်း |
| ၁၂။ | ဒေါ်ဖြိုးဖြိုးကျော် | မန်နေဂျာ | မြန်မာစီးပွားရေးကော်ပိုရေးရှင်း |
| ၁၃။ | ဒေါ်အေးအေးကြည် | အထွေထွေမန်နေဂျာ | အင်းဝဘဏ်လီမိတက် |
| ၁၄။ | ဗိုလ်မှူး ဇော်ဇော်လင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဗိုလ်ကြီး မျိုးလင်းအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | ဗိုလ်ကြီး ဇော်လွင်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဗိုလ်ကြီး တင့်ဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | ဗိုလ်ကြီး ဖြိုးဝေနိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဗိုလ်ကြီး ကံချွန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ဗိုလ်ကြီး စိုးဆန်းသူ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ဗိုလ်ကြီး ကျော်သူအောင် (ရေ) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | ဗိုလ်ကြီး နေလင်းဦး(ရေ) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ဗိုလ်ကြီး ကျော်ကိုကို(ရေ) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | ၆၂၀၅၃၃ အရာခံဗိုလ် သန်းလှိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | ၆၃၆၈၂၃ အရာခံဗိုလ် သောင်းညွန့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ | ၇၈၆၈၆၃ အရာခံဗိုလ် အောင်ဆန်းမြင့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ | ၂၂၉၆၃ အရာခံဗိုလ်/၂၁ ငွေအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၈။ | ၆၇၇၇၈၀ ဒုတိယအရာခံဗိုလ် ကျော်စိုးမိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၉။ | တ-၂၈၃၅၀၁ ဒုတိယအရာခံဗိုလ် ဖြိုးမောက်ဝေဖြောကို | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ | တ-၄၇၇၇၀၀ ဒုတိယအရာခံဗိုလ် နန်းဝင်းအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၁။ | ၃၅၁၃၄ တပ်ကြပ်ကြီး/၂၆ ယဉ်ထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၂။ | ဒေါက်တာလှမြင့် | အချိန်ပိုင်းပါမောက္ခ | သသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၃၃။ | ဦးမျိုးအောင်ကျော် | ဒါရိုက်တာ | United Elephants Steel Solutions Co.,Ltd. |
| ၃၄။ | ဦးဇော်မင်းသန့် | | ပြည့်စုံဟိန်းကုမ္ပဏီ |

### လူမှုထူးချွန်တံဆိပ် (ပထမဆင့်)

| | | |
|---|---|---|
| ၁။ | ဦးလင်းသော်ဇင် | Brilliant Myanmar ကုမ္ပဏီ |
| ၂။ | ဦးအောင်မျိုးဟိန်း | Authentic ကုမ္ပဏီ |
| ၃။ | ဦးအောင်ဝင်းခိုင် | Royal Hi-Tech Group ကုမ္ပဏီ |

### လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)

| | | |
|---|---|---|
| ၁။ | ဦးအေးမင်း | ရွှေနှစ်လိုင်ကုမ္ပဏီ |
| ၂။ | ဦးသီဟ | YEG ကုမ္ပဏီ |
| ၃။ | ဦးမောင်မောင်နိုင် | မြန်မာစစ်သုကြီးကုမ္ပဏီ |

*စာမျက်နှာ ၁၂ သို့*

စာမျက်နှာ ၁၁ မှ

### လုပ်မှုထူးချွန်တံဆိပ် (ဒုတိယဆင့်) (အဆက်)

| | | | |
|---|---|---|---|
| ၄။ | ဦးကျော်ကျော်နိုင် | | Mansion ကုမ္ပဏီ |
| ၅။ | ဦးဇာနည်ဝင်းခိုင် | | ဇာနည်ထက်ကုမ္ပဏီ |
| ၆။ | ဦးလှိုင်ဘွားအောင် | | မင်္ဂလာအောင်မြေကုမ္ပဏီ |

### လုပ်မှုထူးချွန်တံဆိပ် (တတိယဆင့်)

| | | | |
|---|---|---|---|
| ၁။ | ဦးအေးကြိုင် | မန်နေဂျာ | မြန်မာစီးပွားရေးကော်ပိုရေးရှင်း |
| ၂။ | ဦးမိုးကျော်နိုင် | | တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃။ | ဦးနေမျိုးဝင်း | | ဓမ္မသုခပုံနှိပ်တိုက် |
| ၄။ | ဦးတင်စိုး | | Soe Offset |

### စီးပွားထူးချွန်တံဆိပ်
### စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

| | | | |
|---|---|---|---|
| ၁။ | ဦးစိန်လွင် | လက်ထောက်ဌာနမှူး | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |

### ပညာရပ်ဆိုင်ရာ ထူးချွန်တံဆိပ်များ
### ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)

| | | |
|---|---|---|
| ၁။ | ဦးကြည်စိုး | ပန်းတော့ပညာရှင် |

### နည်းပညာထူးချွန်တံဆိပ် (ပထမဆင့်)

| | | |
|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီး သက်ထွန်းဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဒုတိယဗိုလ်မှူးကြီး အောင်သန်းဦး (ရေ) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒုတိယဗိုလ်မှူးကြီး ကိုထက်(ရေ) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဒုတိယဗိုလ်မှူးကြီး အောင်မျိုးခန့်(ရေ) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်ကြီး နေလင်းကိုကို | ကာကွယ်ရေးဝန်ကြီးဌာန |

### နည်းပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)

| | | |
|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇေယ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူး အောင်ကျော်ဇေယ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူး ရဲဖြိုးသူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်ကြီး ညီလင်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်ကြီး နိုင်လင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ်ကြီး ပြည့်ဖြိုးအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဗိုလ်ကြီး အေးမင်းကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဗိုလ်ကြီး စန်းယုမြင့် (ရေ) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဦးကျော်ကျော်လွင် | KKL Stone Sculpture ကုမ္ပဏီ |
| ၁၀။ | ဦးမိုးဦး | More CNC ကုမ္ပဏီ |

### နည်းပညာထူးချွန်တံဆိပ် (တတိယဆင့်)

| | | | | |
|---|---|---|---|---|
| ၁။ | ဗိုလ်ကြီး အောင်နိုင်သူ | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်ကြီး လင်းဇော် | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်ကြီး ဖြိုးသီဟမြင့် | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်ကြီး သောင်းဟန် | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်ကြီး ဟိန်းထက်စံ | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ်ကြီး ကောင်းရဲလတ် | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဗိုလ်ကြီး မင်းဟန် | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဗိုလ်ကြီး သုဝေအောင် | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဗိုလ်ကြီး ဇော်မိုးသူ | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဗိုလ်ကြီး ထက်အောင်ကျော် | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဗိုလ်ကြီး သွင်သိန်းဇံ | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဗိုလ်ကြီး ဟိန်းခန့်အောင် | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဗိုလ်ကြီး နေထက်လင်း | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | ဗိုလ်ကြီး ရဲလင်းနိုင် | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဗိုလ်ကြီး ခန့်စိုးနိုင် | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | ဗိုလ်ကြီး ဒေါ်သဥ္ဇာစိုးဝင်း | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဗိုလ်ကြီး နေလင်းမောင် (ရေ) | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | ၈၃၉၇၂၈ | အရာခံဗိုလ် | စိုးသိန်းဌေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ၇၃၆၄၉၀ | ဒုတိယအရာခံဗိုလ် | စန်းယုမောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | တ-၄၀၉၈၁၆ | တပ်ခွဲတပ်ကြပ်ကြီး | ရဲမင်းမြတ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ၄၂၆၆၈ | အုပ်ခွဲတပ်ကြပ်ကြီး/ ၅၂ | တင်ဝင်းနိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | တ-၂၀၄၀၈၈ | တပ်ကြပ်ကြီး | ရဲမင်းထိုက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | တ-၅၁၄၀၈၈ | တပ်ကြပ်ကြီး | ရဲသီဟအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | တ-၃၂၁၄၈၈ | တပ်ကြပ် | ရန်နိုင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | တ-၅၂၅၂၉၉ | ဒုတိယတပ်ကြပ် | အောင်သူရ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ | တ-၅၁၂၇၅၀ | တပ်သား | ဝင်းကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ | ဦးကောင်းရဲလတ် | | | သစ်ခွကုမ္ပဏီ |
| ၂၈။ | ဦးသန်းဇော် | | | မြန်မာမှုကုမ္ပဏီ |
| ၂၉။ | ဦးအောင်မျိုးခိုင် | | | Hexa Tech ကုမ္ပဏီ |
| ၃၀။ | ဦးနေလင်းထွန်း | | | လင်းမြန်မာမှုကုမ္ပဏီ |
| ၃၁။ | ဦးမြင့်ဇော် | | | ဦးမာဃကုမ္ပဏီ |
| ၃၂။ | ဦးကိုကိုဦး | | | အနန္တဂုဏ်ကုမ္ပဏီ |
| ၃၃။ | ဦးသိန်းထွန်းဦး | | | နဂါးနီကုမ္ပဏီ |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❖ ကျောဖုံးမှ

ငွေစက္ကူ၏ လက်ယာဘက်တွင် ငွေစက္ကူတန်ဖိုးကို မြန်မာစာသားဖြင့် "နှစ်သောင်းကျပ်" ဟု ဖော်ပြထားပါသည်။ ထောင့်သုံးထောင့်တွင်လည်း ငွေစက္ကူ၏တန်ဖိုးကို မြန်မာ၊ အင်္ဂလိပ်ဂဏန်းများဖြင့် ရိုက်နှိပ်ထားပါသည်။ ငွေစက္ကူနံပါတ်ကို မြန်မာအက္ခရာ မြန်မာဂဏန်းဖြင့် အလျားလိုက်၊ အင်္ဂလိပ်အက္ခရာ အင်္ဂလိပ်ဂဏန်းဖြင့် ဒေါင်လိုက်ရိုက်နှိပ်ထားပါသည်။ ငွေစက္ကူ၏ လက်ဝဲဘက်တွင် ရတနာဆင်ဖြူတော်ဦးခေါင်းပုံရေစာပါရှိပါသည်။ ငွေစက္ကူ၏ ဘယ်ညာအစွန်းများတွင် အမြင်အာရုံချို့ယွင်းသူများ အထိအတွေ့ဖြင့် အာရုံခံသိရှိနိုင်သောမျဉ်းတို (၁၂) ချောင်းစီကို ရိုက်နှိပ်ထားပါသည်။

ကျောဘက် ။ နှစ်သောင်းကျပ်တန် ငွေစက္ကူ၏ ကျောဘက်တွင် စစ်ကိုင်းတံတားပုံနှင့် ရေဝတီတံတား (ရတနာပုံ)အား ရိုက်နှိပ်ထားပြီး အပေါ်ပိုင်း၌ " CENTRAL BANK OF MYANMAR " စာတန်း၊ အောက်ပိုင်း၌ "TWENTY THOUSAND KYATS" ဟူသောစာတန်းများ ရိုက်နှိပ်ထားပါသည်။ ထောင့်သုံးထောင့်တွင် ငွေစက္ကူ၏တန်ဖိုးများကို မြန်မာ၊ အင်္ဂလိပ် ဂဏန်းများဖြင့် ရိုက်နှိပ်ထားပါသည်။ နောက်ကျောဘက်တွင် ရှုထောင့်အမျိုးမျိုးမှ ပြောင်းလဲကြည့်လျှင် ရွှေရောင်မှအစိမ်းရောင်သို့ပြောင်းလဲသော Colour Shift လုံခြုံရေးကြိုးကို ဒေါင်လိုက်မြုပ်နှံထည့်သွင်းထားပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသွားရောက်စစ်ဆေး

**စစ်တွေ ဇူလိုင် ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးသည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့တို့တွင် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပြိုကျပျက်စီးခဲ့သည့် ပုဏ္ဏားကျွန်းမြို့ ဦးရာဇ်မင်္ဂလာကြိုးတံတား ပေ ၃၂၀ ပြုပြင်တည်ဆောက်ပြီးစီးမှုကို သွားရောက်စစ်ဆေးသည်။**(ယာပုံ)** အဆိုပါတံတားကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေ စုစုပေါင်း ၇၉ ဒသမ ၆၅၉ သန်းဖြင့် ကုန်ကျခံပြုပြင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းသို့ သွားရောက်ကာ ပြန်လည်ထူထောင်ရေး



လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ ရွာသစ်ကေကျေးရွာမှ ဇော်မတက်-ကံ့ကော်ကျွန်း ကျေးရွာချင်းဆက်လမ်း ၁၈ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၂၂ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ပျက်စီးခဲ့သည့် စစ်တွေမြို့ လောကာနန္ဒာစေတီတော် ခြံစည်းရိုး အုတ်တံတိုင်းနှင့် စေတီရင်ပြင်တော် အုတ်တံတိုင်း ပြုပြင်တည်ဆောက်မှု၊ မဟာဝေယန် သာသနာ့ဗိမာန်တော်အဆောက်အဦ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးကာ အလှူငွေများ ပေးအပ်ခဲ့ပြီး စစ်တွေမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကံကောင်းခြင်း

အန်ကယ်ပညာ

**၂၀၂၃ ခုနှစ် မေလ ၃၀ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကလောမြို့ နယ်မြေခံတပ်အတွင်းရှိ နတ်ရေကန်ရေထွက်ရေကန် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ရေကန်ပေါင်များ စနစ်တကျရှိစေရေးပြန်လည်ပြုပြင်ရန်၊ မိုးမကျမီ သဲနုန်းတူးဖော်ခြင်းအား အပြီးဆောင်ရွက်ရန်နှင့် အခြားလိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့သည်ကို ရုပ်မြင်သံကြားထုတ်လွှင့်မှုနှင့် သတင်းစာဖော်ပြချက်များအရ သိရှိခဲ့ရပါသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကလောမြို့ နယ်မြေခံတပ်အတွင်းရှိ နတ်ရေကန်ရေထွက်အား သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက် ပြင်ဆင်ထားနေမှုကို မေ ၃၀ ရက်က ကြည့်ရှုစဉ်။

ထိုသို့သိရှိရသည့်အတွက် ကျွန်တော်၏ စိတ်သန္တာန်တွင် ဝမ်းမြောက်မှုနှင့်အတူ တစ်ချိန်က ထိုနတ်ရေကန်နှင့်ပတ်သက်ခဲ့ဖူးသည်များကိုလည်း သတိတရဖြစ်ခဲ့ရပြန်ပါသည်။ ထိုတစ်ချိန်ကဟူသည့် ကာလသည် ၁၉၉၈- ၉၉ ခုနှစ်များဆီ ဖြစ်ပါသည်။ ကျွန်တော်သည် ထိုနှစ်များတွင် နတ်ရေကန်တည်ရှိရာ နယ်မြေခံတပ်တွင် နောက်တန်းမှူး တာဝန်ထမ်းဆောင်ခဲ့ပါသည်။ အားလပ်သည့် ညနေအချိန်များတွင် ထိုကန်ပေါင်ပေါ်တွင် မိသားစုနှင့်အတူ လမ်းလျှောက်ရင်း ကြည်စိမ်းနေသည့် ကန်ထဲရှိ အုပ်စုဖွဲ့ ပျော်မြူးနေကြသည့် နှစ်ချို့မြက်စားငါးကြင်းကြီးများ၊ ရေဘဲအုပ်များကို သွားရောက်ကြည့်ရှုအပန်းဖြေလေ့ရှိပါသည်။

**စတုဂံပုံ တစ်ဖက်ဆည်ကန်ပြုလုပ်ထား**

ထိုကန်၏ မြောက်ဘက်ပေ ၃၇၀၀ အကွာတွင် အမြင့်ပေ ၅၂၈၀ ရှိသည့် အိုးစည်တောင်ရှိပြီး ထိုတောင်၏ တောင်လက်မောင်းများက ကန်၏ အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် ဝိုက်ကာပေးထားသဖြင့် ဂငယ်ပုံသဏ္ဌာန် တောင်ကြော၏ အလယ်ချိုင့်တွင်တည်ရှိသည့် ကန်ဖြစ်ပါသည်။ ကန်၏အကျယ်ပမာဏမှာ မြောက်ဘက်တွင် ၃၇၅ ပေ၊ အရှေ့ဘက်တွင် ပေ၂၂၀၊ တောင်ဘက်တွင် ပေ၅၄၀ နှင့် အနောက်ဘက်တွင် ပေ ၁၇၀ ဖြစ်ပြီး ကန်၏ တောင်ဘက်အရပ်မျက်နှာတွင် မြေသားတမံဖြင့် စတုဂံပုံ တစ်ဖက်ဆည်ကန်ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

ထိုသို့တစ်ဖက်ဆည်ကန်ပြုလုပ်ထားသော်လည်း အလုံပိတ်မဟုတ်ဘဲ ကန်ပေါင်၏ အလယ်နှင့်အနောက်ဘက်စွန်းတို့တွင် ရေပိုထွက်ပေါက် တစ်ပေါက်စီ ပြုလုပ်ထားရပါသည်။ အဘယ်ကြောင့်ဆိုသော် ကန်၏ အလယ်အောက်ခြေတွင် အားကောင်းသည့် ရေထွက်ကြီး ရှိသောကြောင့် ဖြစ်ပါသည်။ ကန်ပေါင်၏ အလယ်ရေပိုထွက်ပေါက်မှ ကျော်ကျသည့်ရေသည်ပင် ခြောက်ပေ အကျယ်မြောင်းမှ ချောင်းငယ်သဖွယ်စီးဆင်းသည့် ရေပမာဏရှိပါသည်။

**အမြဲလို သီးပင်စားပင်များနှင့် စိမ်းစို**

ထိုနတ်ရေကန်မှရေသည် နယ်မြေခံတပ်၏ သောက်သုံးရေလိုအပ်ချက်ကို တစ်နှစ်ပတ်လုံး လုံလောက်ရုံမက တပ်ပိုင်၊ မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများ အပြင် ရေပိုထွက်ပေါက်မှ လျှံကျသည့်ရေကို ငါးမွေးမြူရေးကန်များသို့ မြောင်းသွယ်ပြီး ငါးမွေးမြူရေးပါဆောင်ရွက်နိုင်ပါသည်။ နတ်ရေကန်၏ ကျေးဇူးကြောင့် ထိုတပ်သည် ရေအတွက်ကြောင့်ကြစရာမလိုသည့်အပြင် တပ်ပိုင်မြေတစ်ခုလုံးသည်လည်း အမြဲလိုပင် သီးပင်စားပင်များနှင့် စိမ်းစိုနေလေ့ရှိပါသည်။

ထိုရေကန်ကို နတ်ရေကန်ဟု ခေါ်တွင်နေခြင်းမှာ စိတ်ဝင်စားစရာပင်။ သို့ဖြစ်၍ ထိုအကြောင်းကို ထိုတပ်သို့ ရောက်စကပင် တပ်စတင်ဖွင့်လှစ်ကတည်းက တာဝန်ထမ်းဆောင်လျက်ရှိကြသူများကို မေးမြန်းကြည့်ရာ ထိုကန်ကို နတ်မောင်နှမ စောင့်ရှောက်ကြကြောင်း၊ ထိုကန်ဘေးတွင် မဖွယ်မရာပြုခြင်း၊ အညစ်အကြေးစွန့်ခြင်း၊ ကန်ထဲရှိငါးများ၊ ရေဘဲများကို ဖမ်းဆီးစားသောက်ခြင်းပြုလျှင် ခိုက်တတ်ကြောင်း စသည်ဖြင့် လက်ဆင့်ကမ်းစကားကို ကြားသိခဲ့ရပါသည်။ မည်သို့ပင်ဆိုစေကာမူ နတ်မောင်နှမနတ်ကွန်းမှာ တောင်ဘက်ကန်ပေါင်ပေါ်တွင် တည်ရှိပြီး ထိုနတ်ကွန်းတွင် ကန်တော့ပွဲ၊ ပန်း၊ ရေချမ်း၊ အမွှေးတိုင်၊ ဖယောင်းတိုင်တို့ဖြင့် မပြတ်ပူဇော်ကြသည်ကို တွေ့ရသည့်အပြင် နတ်ရေကန်နှင့် ပတ်သက်သည့် ကန့်သတ်ချက်များကိုလိုက်နာကြသည်ကိုလည်း တွေ့ရပါသည်။

နတ်ရေကန်နှင့်ပတ်သက်၍ အထူးတလည်အမှတ်တရရှိနေခဲ့သည့်အကြောင်းမှာ ၁၉၉၈ ခုနှစ် ဆောင်းအကုန်ကာလမှ စတင်ခဲ့ပါသည်။ ကန်ရေသည် ပုံမှန်အခြေအနေမှ ရေပိုထွက်ပေါက်ကို မကျော်တော့ဘဲ တစ်နေ့တခြား လျော့နည်းလာကာ မိသားစုရေပေးဝေရေးကို ထိခိုက်လာခဲ့ပါသည်။ ကန်ထဲရှိ သဘာဝငါးကြီးများမှာလည်း နေ့စဉ်အသေအပျောက်ရှိလာပါသည်။ သို့ဖြစ်၍ မိသားစုရေပေးဝေရေးအတွက် တပ်အနီးရှိအင်းပြင်ကျေးရွာဘုန်းကြီးကျောင်း ရေထွက်မှ တပ်ပိုင်ရေသယ်ယာဉ်ဖြင့် သယ်ဆောင်ဖြန့်ဝေပေးရသလို ကန်အတွင်းရှိ ရေနည်းငါးများကိုလည်း ထိုကျေးရွာရှိရေထွက်ရေကန်သို့ တပ်ပိုင်ယာဉ်ဖြင့် ရွှေ့ပြောင်းပေးခဲ့ရပါသည်။

၁၉၉၉ ခုနှစ် ဧပြီလတွင် ကန်ရေမှာ ကန်အလယ်ရှိ ရေထွက်ပေါက်ပတ်လည် ၁၀ ပေခန့်တွင်သာ ရေကွက်အဖြစ် ကျန်ရှိပြီး ကျန်နေရာများမှာ လုံးဝခန်းခြောက်သွားပါတော့သည်။ ကျွန်တော့်အနေဖြင့် မိမိနောက်တန်းတွင် တာဝန်ကျနေစဉ် ဤသို့ဖြစ်ရသည့်အတွက် စိတ်မကောင်း ဖြစ်ရသည့်အပြင် ယခင်က ဤသို့ဖြစ်ခဲ့ဖူးခြင်း ရှိမရှိ စုံစမ်းမေးမြန်းရာတွင်လည်း ဤအကြိမ်သည် ပထမဆုံးဖြစ်ကြောင်း သိရသည့်အတွက် ပို၍ပင်ဆိုးနေတော့သည်။

**အနှစ်နှစ်အလလက နုန်းများ**

သို့ရာတွင် ထိုအခြေအနေဆိုးထဲက အကောင်းဖြစ်စေရန် ရရှိသည့်အခွင့်အရေးကို လက်မလွတ်တမ်း ဆုပ်ကိုင်နိုင်ခဲ့၍ တော်ပေသေးသည်။ ကန်အတွင်း၌ အနှစ်နှစ်အလလက အနည်ထိုင်တည်ရှိနေသည့်နုန်းများကို နောက်တန်းရှိ တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်ရဲမေ အင်အားဖြင့် ပထမဆုံးဆယ်တင်ခွင့် ဖြစ်ပါသည်။

ကန်အတွင်းရှိ သဲနုန်းများ ဆယ်တင်ခြင်း မပြုမီ ရှေ့တန်းစစ်ဆင်ရေး တာဝန်ထမ်းဆောင်နေသည့်မိမိအထက်အကြီးအကဲထံ ခွင့်ပြုချက်ရယူခြင်း၊ ကန်ပိုင်နတ်မောင်နှမထံ ရိုးရာအရ ခွင့်ပန်ခြင်းနှင့်တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များအား စည်းရုံးပြောဆိုခြင်းတို့ကို ကြိုတင်ဆောင်ရွက်ခဲ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော် ဤသို့ပြုသည့်အတွက် ရှေ့တန်းနှင့် နောက်တန်းတို့တွင် ဤသို့ဖြစ်ရပါသည်ဟူသည့်လွဲမှားသည့် နောက်ဆက်တွဲယုံကြည်မှုနှင့် သံသယများ ကင်းရှင်းကြစေရန်ဖြစ်ပါသည်။

ဤသို့ဆောင်ရွက်သည့်ကြားမှပင် မိသားစုဝင်ရဲမေအချို့၏ "အမျိုးသမီးမို့ ကန်ထဲမဆင်းဝံ့ဘူး။ ယောကျ်ားကရှေ့တန်းမှာ၊ နတ်မကြိုက်လို့ တစ်ခုခုဖြစ်ရင်ဘယ်လိုလုပ်မလဲ"စသည့် နတ်ရေကန်နှင့်ဆက်စပ်သည့် ယုံကြည်မှုအဟန့်အတားများကို ကံနှင့် ကံ၏အကျိုးတို့နှင့်ယှဉ်၍ ဖြေရှင်းပေးခဲ့ရပါသည်။

မည်သို့ပင်ဆိုစေကာမူ နောက်တန်းရှိတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်ရဲမေများ၏ စုပေါင်းလုပ်အားဖြင့် ကန်အတွင်းရှိ သဲနုန်းများကို တစ်လကျော်ကာလအတွင်းဆယ်တင်နိုင်ခဲ့ကြပါသည်။ ဤသို့ဆယ်တင်ရင်း ကန်အတွင်းမှ ပျက်စီးနေသည့် စစ်ကျန်လက်နက်ခဲယမ်းများ တူးဖော်တွေ့ရှိရသည့်အတွက် ပထမဆုံး ဆယ်တင်ခြင်းဖြစ်ကြောင်းကိုလည်း အတည်ပြုနိုင်ခဲ့ပါသည်။ ဆယ်တင်နုန်းများဖြင့် နတ်ကွန်းတည်ရှိရာ တောင်ဘက်ကန်ပေါင်ကို ယခင် ထက်ကျယ်အောင် ချဲ့နိုင်ခဲ့ပါသည်။ ထို့အပြင် ယခင်က ကန်၏မြောက်ဘက်ပိုင်းရေပြင်သည် ကိုင်းဖုတ်များ ဟိုတစ်ကွက်၊ သည်တစ်ကွက် ထိုးထွက်နေသည့်အတွက် ယခုကဲ့သို့တစ်ဖြောင့်တည်း မဟုတ်သည်ကို တစ်ဖြောင့်တည်းဖြစ်အောင် တူးထုတ်နိုင်ခဲ့ပါသည်။ အထက်တွင် ဖော်ပြခဲ့သော ကန်၏အရွယ်အစားနှင့် ပုံသဏ္ဌာန်မှာ ဤသို့ဆောင်ရွက်ပြီးချိန်တွင် ဖြစ်ပေါ်လာသည့် အတိုင်းအတာများ ဖြစ်ပါသည်။

*စာမျက်နှာ ၁၄ သို့*

**◆ ထိုရေကန်ကို နတ်ရေကန်ဟု ခေါ်တွင်နေခြင်းမှာ စိတ်ဝင်စားစရာပင်။ သို့ဖြစ်၍ ထိုအကြောင်းကို ထိုတပ်သို့ ရောက်စကပင် တပ်စတင်ဖွင့်လှစ်ကတည်းက တာဝန်ထမ်းဆောင်လျက်ရှိကြသူများကို မေးမြန်းကြည့်ရာ ထိုကန်ကို နတ်မောင်နှမ စောင့်ရှောက်ကြကြောင်း၊ ထိုကန်ဘေးတွင် မဖွယ်မရာပြုခြင်း၊ အညစ်အကြေးစွန့်ခြင်း၊ ကန်ထဲရှိငါးများ၊ ရေဘဲများကို ဖမ်းဆီးစားသောက်ခြင်းပြုလျှင် ခိုက်တတ်ကြောင်း စသည်ဖြင့် လက်ဆင့်ကမ်းစကားကို ကြားသိခဲ့ရပါသည်။ မည်သို့ပင်ဆိုစေကာမူ နတ်မောင်နှမနတ်ကွန်းမှာ တောင်ဘက်ကန်ပေါင်ပေါ်တွင် တည်ရှိပြီး ထိုနတ်ကွန်းတွင် ကန်တော့ပွဲ၊ ပန်း၊ ရေချမ်း၊ အမွှေးတိုင်၊ ဖယောင်းတိုင်တို့ဖြင့် မပြတ်ပူဇော်ကြသည်ကို တွေ့ရသည့် အပြင် နတ်ရေကန်နှင့် ပတ်သက်သည့် ကန့်သတ်ချက်များကို လိုက်နာကြသည်ကိုလည်း တွေ့ရ**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သာယာဝတီခရိုင်အတွင်း မွေးမြူရေးလုပ်ငန်းများအဆင့်မြှင့်တင်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**မင်းလှ ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းက အစိုးရအဖွဲ့ရုံး တာဝန်ရှိသူများနှင့်အတူ သာယာဝတီခရိုင်အတွင်း မွေးမြူရေးလုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေး ကွင်းဆင်းဆောင်ရွက်သည်။

**ဥစားကြက်မွေးမြူရေးခြံ**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် မင်းလှမြို့နယ် ထန်းပင်ကုန်းကျေးရွာအုပ်စုရှိ ရေကြီးရေနက်ကွင်းအတွင်း သိန်းရွှေကုမ္ပဏီ၏ ငါးမွေးမြူရေးကန်နှင့် ဥစားကြက် မွေးမြူရေးခြံများသို့ သွားရောက်ခဲ့ရာ(ယာပုံ) မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ က မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ နေဗီယာမြက် စိုက်ပျိုးထားရှိမှုနှင့် မြေယာအသုံးချမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့သည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငါးမွေးမြူရေးကန်များနှင့် ဥစားကြက် မွေးမြူရေး ခြံများသို့ လှည့်လည်ကြည့်ရှုခဲ့ပြီး တိရစ္ဆာန် အမျိုးအစားအလိုက် ကျွေးမွေးရမည့် မြက်မျိုးများ ရှာဖွေသုတေသနပြုရေး၊ ကုန်ကြမ်းပစ္စည်းပြတ်လပ်မှု မရှိစေရေး၊ ဒေသထွက် ကုန်ကြမ်းပစ္စည်းများဖြင့် တိရစ္ဆာန်အစာ ကိုယ်တိုင်ထုတ်လုပ်သုံးစွဲရေး အသိပညာပေးရန်၊ ဆိတ်မွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရန်နှင့် ဒေသတွင်း စားရေရိက္ခာဖူလုံစေရေး ကိုယ်တိုင်စိုက်ပျိုးမွေးမြူများကို တာဝန်ရှိသူများနှင့်ချိတ်ဆက်၍ ဈေးနှုန်းသက်သာစွာ ဝယ်ယူရောင်းချနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးညိုမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု ဦးတင်စိုး၏ အသားတိုးကြက် ၃၇၀၀ မွေးမြူထားသည့်ခြံသို့ သွားရောက်ကြည့်ရှု၍ တိရစ္ဆာန်ရောဂါကျရောက်မှုမရှိစေရေး၊ ဒေသတွင်း အသားစားသုံးမှုဖူလုံပိုလျှံစေရေး အသားတိုး ကြက်/ဝက်/ဆိတ်များ တိုးချဲ့မွေးမြူရန်၊ တိရစ္ဆာန်မွေးမြူသူများ ပိုမိုထိရောက်သော ပံ့ပိုးမှုရရှိစေရေး သမဝါယမအစုအဖွဲ့ဖြင့် ဆောင်ရွက်ရန် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

**မျိုးကောင်းမျိုးသန့်ရရှိနိုင်ရေး**

ထို့နောက် မင်းလှမြို့ လမ်းမတော်ရပ်ကွက်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော ဦးသန်းစိုးဦး ၏ အသားတိုးဝက် DY မျိုး ၆၁ ကောင်၊ မျိုးဝက်မ ကိုးကောင် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး၊ တိရစ္ဆာန် စွန့်ပစ်ပစ္စည်းများဖြင့် သဘာဝမြေသြဇာ ထုတ်လုပ်နိုင်ရေးနှင့် မျိုးကောင်းမျိုးသန့်ရရှိနိုင်ရေး တာဝန် ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သက်ဖြိုးကြိုင် (ပြန်/ဆက်)**

# ကျန်းမာရေးဝန်ကြီးဌာန အထူးကု ဆေးကုသရေးအဖွဲ့ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၃**

ကျန်းမာရေး ဝန်ကြီးဌာနသည် ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုများ လွှမ်းခြုံမှု အားကောင်းစေရန်နှင့် ကျေးလက်နှင့်မြို့ပြ ကျန်းမာရေးစောင့်ရှောက်မှု သာတူညီမျှရရှိစေရန် ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာအဆင့်မီ ဆေးကုသမှုများ ရရှိစေရေးအတွက်လည်း အထူးကုသမှုများ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

**ဆေးကုသမှုများဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ မကွေး စသည့်ဒေသများရှိ အထူးကုဆေးရုံကြီးများ၌ အထူးကုသမှု ဘာသာရပ်များ (Super Speciality) ဖွင့်လှစ်၍ ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိရာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ပြသာမက ကျေးလက်နေပြည်သူများပါ ရရှိခံစားနိုင်ရေးအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ နှလုံးရောဂါဆေးပညာ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြော ဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ပညာ၊ ဆီးချိုနှင့် ဟော်မုန်းဆေးပညာ၊ သွေးရောဂါ ပညာရပ်ဆိုင်ရာ အထူးကု ဆရာဝန်ကြီးများနှင့် ရန်ကုန် အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှ အထွေထွေရောဂါကု သမားတော်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည်ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ သွားရောက်၍ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

**စုစုပေါင်း ၇၈၅ ဦးပြသ**

အဆိုပါ အထူးကုဆေးကုသရေး အစီအစဉ်တွင် ပုသိမ်မြို့ပေါ်သာမက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ မြောင်းမြ၊ ငပုတော၊ ကျုံပျော်၊ ရေကြည်၊ လပွတ္တာ၊ အိမ်မဲ၊ ကျောင်းကုန်း၊ ဝါးခယ်မနှင့် ငသိုင်းချောင်းမြို့နယ်များ၊ ချောင်းသာ၊ ငွေဆောင်ဒေသတို့မှ မြို့ပေါ်နှင့် ကျေးလက်နေ ပြည်သူများပါ လာရောက်ပြသခဲ့ပြီး နှလုံးရောဂါဆိုင်ရာ ၁၄၇ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ၈၂ ဦး၊ ဦးနှောက်နှင့် အာရုံကြော ဆေးကုသမှုဆိုင်ရာ ၁၄၁ ဦး၊ ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုသမှုဆိုင်ရာ ၃၆ ဦး၊ ဆီးချိုနှင့် ဟော်မုန်းဆိုင်ရာ ၁၂၄ ဦး၊ သွေးရောဂါဆိုင်ရာ ၂၂ ဦး၊ အထွေထွေရောဂါဆိုင်ရာ ၂၃၃ ဦး စုစုပေါင်း ၇၈၅ ဦး လာရောက်ပြသခဲ့ကြသည်။

**ကြည့်ရှုကုသမှုပေး**

ထို့ပြင် ပုသိမ်ပြည်သူ့ဆေးရုံကြီးမှ ဒေသခံအထူးကုဆရာဝန်ကြီးများကလည်း ပူးပေါင်းကြည့်ရှုခဲ့ရာ မျက်စိရောဂါ လူနာ ၇၄ ဦး၊ သားဖွားမီးယပ်လူနာ ၁၀ ဦး၊ အရိုးလူနာ ၇၉ ဦး၊ ခွဲစိတ် ၁၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း လူနာ ၂၀၊ သွားနှင့်ခံတွင်း လူနာ ငါးဦး၊ အရေပြားလူနာ ၂၀၊ ကလေးလူနာ ကိုးဦး၊ စုစုပေါင်း ၂၃၄ ဦး တို့ကို ကြည့်ရှုကုသမှုပေးခဲ့သည်။



အဆိုပါ လူနာများကို နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း (Echocardiology) ၄၉ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်း (OGDS) ၁၇ ဦး၊ အူမကြီး မှန်ပြောင်းကြည့်ရှုခြင်း (Colonoscopy) လေးဦး၊ ကွန်ပျူတာ ဓာတ်မှန်ဖြင့် စစ်ဆေးခြင်း CT scan ၁၉ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၈၂ ဦး၊ ဓာတ်ခွဲစမ်းသပ်သူ ၁၆၆ ဦး၊ သွေးချိုဓာတ်(Hb A1c) တိုင်းတာခြင်း ၇၁ ဦး၊ Ultrasound ရိုက်ကူးခြင်း ၅၅ ဦး၊ ခါးရိုးဆစ်မှ အာရုံကြော အရည်ဖောက်ယူ စစ်ဆေးခြင်း နှစ်ဦး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး နှလုံးသွေးကြောပိုက်ထည့်ကြည့်ရှုခြင်း (Angiogram) တစ်ဦးနှင့် နှလုံးနှိုးဆွစက် (Pacemaker) တပ်ဆင်နိုင်ရန် တစ်ဦး၊ အစာအိမ်၊ အူလမ်းကြောင်းနှင့် သည်းခြေ၊ ပန်ကရိယလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်း (ERCP) ဆောင်ရွက်ရန် တစ်ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှု ဆောင်ရွက်ရန် သုံးဦး၊ နှလုံးရောဂါ ဆေးကုသမှုများ ဆက်လက်ဆောင်ရွက်ရန် သုံးဦး၊ နှလုံးနှင့်သွေးကြော ခွဲစိတ်ကုသမှုဆောင်ရွက်ရန် တစ်ဦး တို့ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် လွှဲပြောင်းပေးနိုင်ခဲ့သည်။

အဆိုပါ အထူးကုဆေးကုသရေးအဖွဲ့၏ ဆေးကုသမှုများကို ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးတို့က အနီးကပ် ပံ့ပိုးဆောင်ရွက်ခဲ့ပြီး ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက လိုက်လံကြည့်ရှု အားပေး၍ အထူးကု ဆရာဝန်ကြီးများကို လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး လာရောက်ပြသသူများကို နေ့လယ်စာ အာဟာရများ ထောက်ပံ့ပေးခဲ့သည်။

**ဆက်လက်ဆောင်ရွက်မည်**

ကျန်းမာရေး ဝန်ကြီးဌာနသည် အလားတူအစီအစဉ်အဖြစ် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ဇွန်လအတွင်း တစ်ကြိမ်၊ ဇူလိုင်လအတွင်း တစ်ကြိမ် ဆောင်ရွက်ခဲ့ပြီး အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ Super speciality ဘာသာရပ်များသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများရှိ ပြည်သူ့ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သော အဖွဲ့များကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ကျေးလက်ဒေသများသို့ အထူးကု ကွင်းဆင်း ဆေးကုသမှုများ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၃ မှ*

၁၉၉၉ ခုနှစ် ဩဂုတ်လဆန်းတွင် နတ်ရေကန်၏ ရေထွက်ပမာဏမှာ ယခင်ကအတိုင်း ပုံမှန်ပြန်ဖြစ်လာသည်ကို ဝမ်းမြောက်ဖွယ် တွေ့ရှိရပါသည်။ ယခင်ကနှင့်မတူသည်မှာ ကန်၏ အနားသပ်ညီညာသပ်ရပ်မှု၊ ကန်ပေါင်အကျယ်နှင့်အမြင့်၊ ကန်ရေပြင်အကျယ်နှင့်ရေအနက်တို့ပင် ဖြစ်ပါသည်။ ကြည်စိမ်းနေသည့်ကန်အတွင်း ရေဘဲအုပ်များ မြူးထူးပျော်ပါးနေကြသည်ကိုပြန်မြင်ရပါသည်။ ဘေးလွတ်ရာသို့ ယာယီရွှေ့ထားပေးသည့် မြက်စားငါးကြင်းကြီးများကိုလည်း ၎င်းတို့၏ မူလနေရာတွင် ပြန်လည်နေရာချထားပေးခဲ့ပါသည်။ တပ်ဖွဲ့ဝင်မိသားစုများအားလုံးလည်းပြုံးပျော်ကြပါသည်။

ဤသို့ ဆောင်ရွက်ခဲ့ကြခြင်းသည် ခဏတာမကောင်းသည့်ကန်ကို အစဉ်သဖြင့် ကန်ကောင်းအောင်ပြုလုပ်ခဲ့ကြခြင်း ဖြစ်ပါသည်။ ဤသို့ ကန်ကောင်းအောင် ပြုလုပ်ခြင်းသည်ပင် တစ်တပ်လုံး၏ ကံကို ကောင်းစေခြင်းဖြစ်သည်ဟူသည့် အသိတရား ရရှိသွားကြပါသည်။ မိသားစုဝင်ရဲမေများ၏ ကန်မဆယ်မီက ဖြစ်ပေါ်ခဲ့သည့် ယုံကြည်မှု အကြောက်တရားများသည် ဘယ်သို့ရောက်ကုန်သည်မသိ။ ဤလောကကြီးကို စောင့်ရှောက်လျက် ရှိကြကုန်သော နတ်မြတ် နတ်ကောင်း အပေါင်းတို့သည်လည်း လောက၏ ကောင်းရာ ကောင်းကျိုးအတွက် လုပ်ဆောင်သည်ကို ပိတ်ပင်တားဆီးကြပါမည်လော။

**“သာသနဿ စ လောကဿ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။**

**သာသနမ္ပိစ လောကဉ္စ ဒေဝါ ရက္ခန္တု သဗ္ဗ ဒါ။”** ဟု မြတ်တရားဒေသနာတွင် ပါရှိသည် မဟုတ်ပါလား။ ကောင်းတာလုပ်လျှင် ကံကောင်းမည်မဟုတ်ပါလား။ ။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၄၃ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၃၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄ -၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၈ | ၂၃၄၃ |
| 95 Ron | ၂၃၇၉ | ၂၂၅၆ |
| HSD (500 ppm) | ၂၀၅၂ | ၂၁၂၂ |
| HSD (50 ppm) | ၂၁၂၅ | ၂၁၉၇ |
| HSD (10 ppm) | ၂၁၂၅ | ၂၁၉၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

နေပြည်တော် ဇူလိုင် ၂၃

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

# ငါးမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေး ရေအရည်အသွေး ဂရုစိုက်ပေး

ဝါဝါဖူး (Ph.D)
(မွေးသု-မန်း)

**ငါးသည် မြန်မာလူမျိုးတို့၏ နေ့စဉ်စားသောက်မှုဟင်းလျာတွင် နေရာယူထားလျက်ရှိနေပေသည်။ မြန်မာလူမျိုးအများစုမှာ ရေငန်ငါးများထက် ရေချိုငါးများကို ပိုမိုကြိုက်နှစ်သက်ပြီး မြန်မာနိုင်ငံတွင် မြစ်ချောင်း အင်းအိုင်များ ပေါများသည့်အလျောက် ပြည်တွင်းငါးစားသုံးမှုအတွက် အထောက်အကူပြုလျက်ရှိပါသည်။ ငါးသည် အဆီနည်းပြီး ပရိုတင်းဓာတ်ကြွယ်ဝကာ မွေးမြူရေးတိရစ္ဆာန်အသားနှင့် နှိုင်းယှဉ်ပါက ဈေးသက်သာသောကြောင့် လူအများဝယ်ယူစားသုံးနိုင်သည့် စားသောက်ကုန်အမယ်တစ်ခုလည်း ဖြစ်ပါသည်။**

ငါးမွေးမြူရေးလုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် ငါးများ၏ ကျန်းမာရေးကောင်းမွန်မှုသည် ရေ၏ အရည်အသွေးကောင်းမွန်မှုအပေါ်တွင် များစွာ မူတည်နေသကဲ့သို့ ရေ၏ အရည်အသွေးလိုအပ်ချက်သည်လည်း ငါးအမျိုးအစားနှင့် အရွယ်အစားပေါ်တွင် အပြန်အလှန်မူတည်နေပါသည်။ ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ရေ၏ အရည်အသွေးဆိုင်ရာ အချက်အလက်များကို နားလည်သဘောပေါက်ထားရန် လိုအပ်ပြီး အဓိကကျသည့် ရေ၏အရည်အသွေးဆိုင်ရာ အချက်အလက်များ ဖြစ်သော အပူချိန်၊ ပျော်ဝင်အောက်ဆီဂျင်၊ ချဉ်ဖန်နှုန်း၊ ရေကြည်နှုန်း၊ ရေတွင်ပါဝင်သော အမိုးနီးယား၊ နိုက်ထရိတ်နှင့် နိုက်ထရိုက်တို့အပေါ် မှီတည်နေပါသည်။






ရေကြည်နှုန်းတိုင်းကိရိယာ (Sacchi disk)ကို လက်တွေ့အသုံးပြုနေပုံနှင့် ကိရိယာတွင်ပါဝင်သော အစိတ်အပိုင်းများကို သရုပ်ဖော်ထားပုံ။

## အပူချိန်

ငါးများသည် လူနှင့် အခြားနို့တိုက်သတ္တဝါများကဲ့သို့ သွေးနွေးသတ္တဝါများမဟုတ်ဘဲ သွေးအေးသတ္တဝါဖြစ်သည့်အတွက် ၎င်းတို့၏ ကိုယ်အပူချိန်အား ထိန်းသိမ်းထားနိုင်မှုမရှိဘဲ ပတ်ဝန်းကျင်၏ အပူချိန်ပေါ်တွင် မူတည်ပြီး ၎င်းတို့၏ ဇီဝကမ္မဖြစ်စဉ်များသည် ပြောင်းလဲလျက်ရှိသည်။ ငါးသတ္တဝါများအားလုံးသည် အမျိုးအစားအလိုက် အသက်ရှင်နေထိုင်နိုင်သည့် အမြင့်ဆုံးနှင့် အနိမ့်ဆုံးအပူချိန်များရှိကြပြီး ၎င်းအပူချိန်များအတွင်းတွင်သာ အသက်ရှင်နိုင်ကြပါသည်။ ဥပမာအားဖြင့် တီလားပီးယားငါးများသည် အမြင့်ဆုံးအပူချိန် ၃၃ ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် ၁၂ မှ ၁၃ ဒီဂရီစင်တီဂရိတ်အတွင်း ခံနိုင်ရည်ရှိပြီး ယင်းအပူချိန်များထက်မြင့်မားခြင်း၊ နိမ့်ကျခြင်းများဖြစ်ပါက သေဆုံးနိုင်ပါသည်။

ပတ်ဝန်းကျင်အပူချိန် ပြောင်းလဲလျက်ရှိသော်လည်း ပမာဏကြီးမားသော ငါးမွေးကန်များတွင် ရေ၏ထုထည်ပမာဏများပြားသည့်အတွက် ပြောင်းလဲလျက်ရှိသည့် ပတ်ဝန်းကျင်အပူချိန်အတိုင်း လိုက်ပါပြောင်းလဲခြင်းမရှိဘဲ ရေ၏အပူချိန်သည် အထိုက်အလျောက် တည်ငြိမ်နေလေ့ရှိပါသည်။ သို့ရာတွင် တစ်နိုင်တစ်ပိုင် ငါးမွေးမြူကန်များ၊ သုတေသနများပြုလုပ်ရာတွင် အသုံးပြုလေ့ရှိသော ကန်ငယ်များ၌ အပူချိန်ပြောင်းလဲမှုသည် ရေပမာဏနည်းပါးသည့်အတွက် ပတ်ဝန်းကျင်အပူချိန်အတိုင်း လိုက်ပါပြောင်းလဲမှု ပိုမိုလျင်မြန်ပါသည်။ ထို့ကြောင့် ကန်ငယ်များဖြင့်မွေးမြူလျှင် ရေအပူချိန်ပြောင်းလဲမှုကို ပို၍သတိပြုထိန်းသိမ်းရန် လိုအပ်ပါသည်။

ငါးများသည် တဖြည်းဖြည်း အပူချိန်ပြောင်းလဲမှုကို ခံနိုင်ရည်ရှိသော်လည်း ရုတ်တရက် အလျင်အမြန် အပူချိန်ပြောင်းလဲမှုကို ခံနိုင်ရည်မရှိဘဲ သေဆုံးနိုင်ပါသည်။ ငါးများအား တစ်ကန်မှ တစ်ကန်သို့ ရွှေ့ပြောင်းမည်ဆိုပါက ပြောင်းရွှေ့မည့်ကန်များ၏ ရေအပူချိန်တူညီမှသာ ရွှေ့ပြောင်းပေးရမည် ဖြစ်ပါသည်။ မွေးမြူထားသော ကန်များ၌ အပူချိန်မြင့်မားမှုကို ကာကွယ်နိုင်ရန်အတွက် အရိပ်ရသောပိုက်စများ၊ ဗေဒါပင်များနှင့် ဘဲစာရွက်များ စိုက်ထားခြင်းဖြင့် အပူဒဏ်ကာကွယ်နိုင်ပါသည်။

## ပျော်ဝင်အောက်ဆီဂျင်

ငါးများသည်လည်း လူများကဲ့သို့ပင် အသက်ရှင်သန်ရန် အောက်ဆီဂျင်လိုအပ်ပြီး လေထုအတွင်းမှ အောက်ဆီဂျင်ကို တိုက်ရိုက်သုံးစွဲနိုင်သော လေရှူငါးများမှအပ ကျန်ငါးများသည် ရေထုအတွင်း ပျော်ဝင်အောက်ဆီဂျင်ကို ရယူသုံးစွဲပါသည်။

> “ပမာဏကြီးမားသော ငါးမွေးကန်များတွင် ရေ၏ထုထည်ပမာဏများပြားသည့်အတွက် ပြောင်းလဲလျက်ရှိသည့် ပတ်ဝန်းကျင်အပူချိန်အတိုင်း လိုက်ပါပြောင်းလဲခြင်းမရှိဘဲ ရေ၏အပူချိန်သည် အထိုက်အလျောက် တည်ငြိမ်နေလေ့ရှိပါသည်။ သို့ရာတွင် တစ်နိုင်တစ်ပိုင်ငါးမွေးမြူကန်များ၊ သုတေသနများပြုလုပ်ရာတွင် အသုံးပြုလေ့ရှိသော ကန်ငယ်များ၌ အပူချိန်ပြောင်းလဲမှုသည် ရေပမာဏနည်းပါးသည့်အတွက် ပတ်ဝန်းကျင်အပူချိန်အတိုင်း လိုက်ပါပြောင်းလဲမှု ပိုမိုလျင်မြန်ပါသည်”

ရေထုအတွင်း ပျော်ဝင်နေသော ပျော်ဝင်အောက်ဆီဂျင်၏အများဆုံးပျော်ဝင်မှုပမာဏသည် အပူချိန်၊ ကန်တည်ရှိရာဒေသ၏ ပင်လယ်ပြင်အထက် အမြင့်ပေနှင့် ရေ၏ ဆားပျော်ဝင်မှုပမာဏတို့အပေါ်တွင်မူတည်၍ ပြောင်းလဲနေပါသည်။ ကန်ရေအတွင်း ပျော်ဝင်နေသောအောက်ဆီဂျင်ကို ငါးများအပြင် ကန်အတွင်းရှိ ဗက်တီးရီးယားပိုးမွှားများ၊ ရေအောက်အပင်များစသည်တို့ကလည်း ရယူအသုံးပြုကြပါသည်။

အောက်ဆီဂျင်ပျော်ဝင်မှုသည် ရေမျက်နှာပြင်တွင် ပိုမိုမြင့်မားပြီး ကန်အောက်ခြေရေလွှာများတွင် လျော့နည်းပါသည်။ ရေထုအတွင်းသို့ ပျော်ဝင်သည့်အောက်ဆီဂျင် ပျော်ဝင်နှုန်းလျော့နည်းလာပါက ကန်အောက်ခြေရေလွှာတွင် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပေါ်လာပြီး ငါးများသည် ရေမျက်နှာပြင်တွင်ကပ်၍ အသက်ရှူနေရပြီဆိုလျှင် ကန်အတွင်းသို့ အောက်ဆီဂျင်ပိုမိုပျော်ဝင်စေရန် ရေပန်းများပြုလုပ်ပေးခြင်း၊ လေပေးစက်ဖြင့် စုပ်ယူပြီး ရေထုအတွင်းသို့ မှုတ်သွင်းခြင်းစသည့် နည်းလမ်းများဖြင့် ကန်ရေအတွင်းသို့ ပျော်ဝင်အောက်ဆီဂျင် ပိုမိုရရှိစေရန် ဆောင်ရွက်ပေးရပါမည်။

ငါးမွေးမြူသူများ သတိပြုသင့်သောအချက်မှာ အပူချိန်မြင့်မားလေ အောက်ဆီဂျင်ပျော်ဝင်မှုနည်းပါးလာလေဖြစ်ပြီး ငါးများ၏ ကြီးထွားနှုန်းလည်း ကျဆင်းသွားပါသည်။ ငါးများသည် မြင့်မားသောရေ၏ အပူချိန်ကိုခံနိုင်ရန် စွမ်းအင်ထုတ်လုပ်မှုအတွက် အောက်ဆီဂျင်ကို ပိုမိုအသုံးပြုကာ အညစ်အကြေးကို ပိုမိုစွန့်ထုတ်လာကြသလို အညစ်အကြေးများအားစားသုံးသည့် ဗက်တီးရီးယားပိုးမွှားများသည်လည်း အများအပြားပွားများလာကြပြီး ၎င်းဗက်တီးရီးယားများကလည်း အောက်ဆီဂျင်ကို စုပ်ယူသုံးစွဲသည့်အတွက် ရေထုအတွင်း ပျော်ဝင်အောက်ဆီဂျင်ကျဆင်းလာမှုကို ပိုမိုဖြစ်ပေါ်စေပါသည်။ ငါးများအတွက် အသင့်လျော်ဆုံးအပူချိန်ထက် ရေထု၏အပူချိန်ကျော်လွန်လာပါက ငါးများအား အစာကျွေးမှုကို လျှော့ချဖြတ်တောက်ပေးရန် လိုအပ်ပါသည်။

ကန်အတွင်းရှိ သက်ရှိအစာများဖြစ်သော အပင်မျှောလေးများ၊ ရေမှော်ပင်များနှင့် အခြားသော ရေနေအပင်များသည် နေ့အချိန်တွင် အစာချက်လုပ်ခြင်းဖြင့် ရေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်အားစုပ်ယူသုံးစွဲပြီး အောက်ဆီဂျင်ကို ဘေးထွက်ပစ္စည်းအဖြစ် ထုတ်လွှတ်ပေးကာ ညအချိန် အလင်းရောင်မရရှိချိန်မှာ အစာချက်လုပ်ခြင်းမရှိသည့်အတွက် အောက်ဆီဂျင်ထုတ်လုပ်မှုသည်လည်း ရပ်ဆိုင်းသွားသကဲ့သို့ အပင်များသည်လည်း ညအချိန်တွင် ငါးများနည်းတူ အောက်ဆီဂျင်ရယူသုံးစွဲသဖြင့် ရေထု၏ ပျော်ဝင်အောက်ဆီဂျင်သည် တစ်ညလုံး ဆက်လက်ကျဆင်းနေပြီး နံနက် နေမထွက်ခင်အချိန်တွင် အနိမ့်ဆုံးသို့ ကျဆင်းသွားသဖြင့် ညအချိန်တွင် ကန်အတွင်း ပျော်ဝင်အောက်ဆီဂျင်ရရှိစေရန် လေပေးစက်၊ ရေဒလက်ပန်ကာများဖြင့် ဆောင်ရွက်ပေးရန်လိုအပ်ပြီး ရေထု၏ပျော်ဝင်အောက်ဆီဂျင်ကိုနေမထွက်ခင်အချိန်တွင် တိုင်းတာစစ်ဆေးရမည် ဖြစ်ပါသည်။

## ချဉ်ဖန်နှုန်း

ကန်ရေထုသည် အချဉ်ဓာတ်ဂုဏ်သတ္တိသို့မဟုတ် အဖန်ဓာတ်ဂုဏ်သတ္တိရှိသည့်အတွက် ချဉ်ဖန်မှုစကေး (pH Scale) ဖြင့် တိုင်းတာနိုင်ပြီး ချဉ်ဖန်မှုစကေး ၁ မှ ၆ သည် အချဉ်ဓာတ်ရှိနေခြင်းနှင့် ၈ မှ ၁၄ သည် အဖန်ဓာတ်ရှိနေခြင်းတို့ကို ဖော်ပြပါသည်။ အမှတ် ၇(pH 7)သည် အချဉ်ဓာတ်လည်းမရှိ အဖန်ဓာတ်လည်းမရှိသည့် စံပြုအမှတ်ဖြစ်ပြီး ငါးမွေးမြူရေးအတွက် သင့်လျော်သော ချဉ်ဖန်မှုစကေးသည် အမှတ် ၆ မှ ၈ အတွင်း ဖြစ်ပါသည်။ ချဉ်ဖန်နှုန်းစကေးတွင် တစ်ယူနစ်ပြောင်းလဲမှုသည် ရေ၏အရည်အသွေးပိုင်းတွင် ပြောင်းလဲမှုများစွာဖြစ်ပေါ်စေကာ ကန်ရေ၏ ချဉ်ဖန်နှုန်းပြောင်းလဲမှုသည် ပျော်ဝင်လျက်ရှိသော ပျော်ဝင်အောက်ဆီဂျင်နှင့်လည်း သွယ်ဝိုက်၍ ပတ်သက်နေပါသည်။ ကာဗွန်ဒိုင်အောက်ဆိုက်သည် အချဉ်ဓာတ်ဂုဏ်သတ္တိရှိသော အက်စစ်ဖြစ်သည့်အတွက် အပင်မျှောလေးများ၊ ရေမှော်ပင်များနှင့် အခြားရေနေအပင်များမှ အစာချက်လုပ်သည့်အချိန် ကြာမြင့်လာသည်နှင့်အမျှ ရေထုအတွင်းမှ အချဉ်ဓာတ်များ လျော့နည်းလာသည့်အတွက် ကန်ရေ၏ ချဉ်ဖန်နှုန်းသည် အဖန်ဓာတ်ဂုဏ်သတ္တိသို့ ပြောင်းလဲလာပါသည်။

ရေငန်နှင့်နှိုင်းယှဉ်ပါက ရေချိုကန်များ၏ ချဉ်ဖန်နှုန်းသည် ပိုမို၍ ပြောင်းလဲရန်လွယ်ကူသဖြင့် မိုးရွာသွန်းသောနေ့များတွင် ကန်ပေါင်မှ အချဉ်ဓာတ် ဂုဏ်ရှိသောမြေသားများ ကန်အတွင်းသို့ဝင်ရောက်လာပြီး ကန်၏ချဉ်ဖန်နှုန်းကို ကျဆင်းစေတတ်ပါသည်။ ထို့ကြောင့် ကန်ရေ၏ ချဉ်ဖန်နှုန်းကို အကောင်းဆုံးထိန်းသိမ်းထားနိုင်သော နည်းလမ်းမှာ ထုံးမှုန့်ကို ကန်ရေမျက်နှာပြင်အနှံ့ ဖြူးပေးခြင်းဖြစ်ပါသည်။ ကန်ရေ၏ ချဉ်ဖန်နှုန်းကို တိုင်းတာရာတွင် ချဉ်ဖန်နှုန်းတိုင်းစက္ကူ(pH test strips)ဖြင့် တိုင်းတာခြင်း၊ ဓာတုဆေးရည်ဖြင့် တိုင်းတာခြင်းနှင့် လျှပ်စစ်စမ်းသပ်ကိရိယာဖြင့် တိုင်းတာခြင်း စသည်ဖြင့် အမျိုးမျိုးတိုင်းတာနိုင်ပါသည်။

## ရေကြည်နှုန်း

ငါးကန်၏ သဘာဝအစားအစာပေါကြွယ်ဝမှု အခြေအနေ၊ ပျော်ဝင်အောက်ဆီဂျင်လျော့နည်းမှု ဖြစ်နိုင်ခြေစသည်တို့ကို ရေကြည်နှုန်းတိုင်းတာခြင်း နည်းလမ်းဖြင့် တိုင်းတာခြင်းဖြင့် သိရှိနိုင်ပါသည်။ ရေကြည်နှုန်းကို စင်တီမီတာဖြင့် တိုင်းတာပြီး Secchi disk ခေါ် ရေကြည်နှုန်းတိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေးနိုင်ကာ ငါးမွေးမြူရေးကန်တစ်ခု၏ ရှိသင့်သောရေကြည်နှုန်းသည် ၃၀-၄၀ စင်တီမီတာ(၁ ပေမှ ၁ ပေခွဲ) အတွင်းရှိလျှင် အကောင်းဆုံးဖြစ်ပါသည်။

ရေကြည်နှုန်းသည် ၂၅ စင်တီမီတာ (၁၀ လက်မခန့်) အထိ ကျဆင်းလာပါက ၎င်းကန်သည် အပင်မျှောလေးများလိုအပ်သည်ထက် ပိုမိုများပြားနေခြင်း၊ ညအချိန်တွင် ပျော်ဝင်အောက်ဆီဂျင် ပြတ်လပ်မှုဖြစ်ပေါ်နိုင်ခြင်းကို ပြသနေပါသည်။ အကယ်၍ ရေကြည်နှုန်းသည် ၄၀ စင်တီမီတာ (၁ ပေ ၄ လက်မခန့်) ထက် ပိုမိုမြင့်မားနေပါက မွေးမြူထားသောသတ္တဝါများအတွက် သဘာဝအစားအစာလျော့နည်းနေခြင်း၊ ဖြည့်စွက်အစာကျွေးမွေးမှုကို တိုးမြှင့်ပေးရမည်ဖြစ်ခြင်းနှင့် ၎င်းကန်တွင် မွေးမြူထားသောသတ္တဝါများအနေဖြင့် ပုံမှန်ကြီးထွားမှုမရှိနိုင်ကြောင်းကို ပြသနေပါသည်။ ထိုအခြေအနေမျိုးတွင်

*စာမျက်နှာ ၁၇ သို့*

## ဖျာပုံမြို့၌ ပြည်သူများအား ဘော့ချိတ်ပုစွန်များကို သက်သာသောနှုန်းဖြင့် ရောင်းချပေး

**ဖျာပုံ ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ဖျာပုံခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနတို့ ကြီးကြပ်မှုဖြင့် အမာမြို့ ငါးလုပ်ငန်းဦးစီးဌာနနှင့် အင်းသားကြီးများ ပူးပေါင်း၍ ဖျာပုံမြို့ အမှတ် (၁၂) ရပ်ကွက် ဒုတိယလမ်းမကြီးဘေးရှိ အခွန်လွတ်ဈေး၌ ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရန် ရည်ရွယ်၍ ဘော့ချိတ်ပုစွန် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ နှုန်းဖြင့် ရောင်းချပေးခြင်းကို ဇူလိုင် ၂၃ ရက်က အဆိုပါ အခွန်လွတ်ဈေး၌ ရောင်းချပေးသည်။



ထိုသို့ ပြည်သူများသက်သာသော ဈေးနှုန်းဖြင့် ဘော့ချိတ်ပုစွန်များ ရောင်းချပေးရာတွင် မြို့ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသန်းဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အင်းသားကြီးများနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များက လူတစ်ဦးလျှင်ဘော့ချိတ်ပုစွန် ၂၅ ကျပ်သားကို ငွေကျပ် ၂၀၀၀ ဖြင့် ဘော့ချိတ်ပုစွန် ပိဿာချိန် ၂၅ ပိဿာကို အမှတ် (၁၂) ရပ်ကွက် ဒုတိယလမ်းမကြီးဘေး အခွန်လွတ်ဈေး၌ ဖြန့်ဖြူးရောင်းချပေးသည်။

အမာမြို့ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာများရှိ အခြေခံလူတန်းစား အိမ်ထောင်စုများကို သက်သာသောဈေးနှုန်းဖြင့် ဘော့ချိတ်ပုစွန်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြို့ငါးလုပ်ငန်းဦးစီးဌာနရုံးမှ သိရသည်။

**အောင်ဝင်းနိုင် (ဖျာပုံ)**

## ညောင်ဦးမြို့၌ ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီများ ရောင်းချပေး

**ညောင်ဦး ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ညောင်ဦးမြို့၌ မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် စားအုန်းဆီများကို သက်သာသောဈေးနှုန်းဖြင့် စားသုံးဆီရောင်းချခြင်းအား ဇူလိုင် ၂၂ ရက်က ညောင်ဦးမြို့နယ် ရပ်ကွက်/ ကျေးရွာများသို့ ဆက်လက်ရောင်းချပေးနေကြောင်း သိရသည်။

ညောင်ဦးမြို့နေပြည်သူများ ချက်ပြုတ်စားသောက်မှုများတွင် တစ်ဖက်တစ်လမ်းမှ အဆင်ပြေစေရန် မီးဖိုချောင်သုံးစားအုန်းဆီများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်ရာ လူတစ်ဦးလျှင် စားသုံးဆီ တစ်ပိဿာကို ငွေကျပ် ၄၄၅၀ နှုန်းဖြင့် မည်သူမဆို ဝယ်ယူနိုင်ရေး ညောင်ဦးမြို့ အမှတ်(၃) အောင်မင်္ဂလာရပ်ကွက် မဟာစည်သာသနာ့ရိပ်သာအနီးတို့တွင် ရွေ့လျားကားဖြင့် လိုက်လံရောင်းချလျက်ရှိကြောင်း သိရသည်။ အဆိုပါ ရွေ့လျားကားဖြင့် ရပ်ကွက်ကျေးရွာနေပြည်သူများ ဈေးနှုန်းချိုသာစွာ ရောင်းချလျက်ရှိရာ စားအုန်းဆီပိဿာချိန် ၁၁၀၀ ကိုရောင်းချပေးခဲ့ကြောင်း ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးသန်းစိုးထံမှ သိရသည်။

**ဒီပါလင်း**

## နတ်မောက်မြို့နယ်၌ ရွက်ဖျန်းမြေဩဇာ စုပေါင်းပက်ဖျန်းပွဲ ကျင်းပ

**နတ်မောက် ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးရွာရှိ စိုက်ပျိုးရေးတောင်သူများပူးပေါင်း၍ ဇူလိုင် ၂၂ ရက်က တံခွန်တိုင်ကျေးရွာ ကွင်းအမှတ်(၄၅၉) တောင်သူဦးဝင်းသန်း၏ ပဲစိုက်ခင်း၌ ရွက်ဖျန်းမြေဩဇာ စုပေါင်းပက်ဖျန်းပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက ရွက်ဖျန်းမြေဩဇာ အသုံးပြုမှုနှင့်ပတ်သက်၍ တောင်သူများအား အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှိုင်းမရရွက်ဖျန်း မြေဩဇာအရည်ဘူးကို တက်ရောက်လာကြသည့် တောင်သူများအား အခမဲ့ပေးအပ်ပြီး ပဲစိုက်ခင်းတွင် တောင်သူများဖြင့် ရွက်ဖျန်းမြေဩဇာကို စုပေါင်း ပက်ဖျန်းပေးခဲ့သည်။ အဆိုပါ ရွက်ဖျန်းမြေဩဇာစုပေါင်း ပက်ဖျန်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေ/ စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျေးရွာရှိ တောင်သူများ တက်ရောက်ကြောင်း သိရသည်။

**လှဝင်း**

*စာမျက်နှာ ၁၆ မှ*

ငှင်းကန်အား သဘာဝအစားအစာပြန်လည်ရရှိရန် အတွက် ဩဇာခတ်များ ထည့်သွင်းပေးရန် လိုအပ်ပါသည်။



| | | |
|---|---|---|
| အဝိုင်းပြားအား ရေထဲသို့ချရပါမည်။ | အဝိုင်းပြားအား မမြင်ရတော့သည့် နေရာ ရောက်သည် အထိချပြီး ရေအနက်ကို မှတ်သားရပါမည်။ | အဝိုင်းပြားကို ပြန်လည်ဆွဲတင်ပြီး အဝိုင်းပြားအား စတင်မြင်ရသည့် ရေအနက်ကို မှတ်သားရပါမည်။ |

ရေကြည်နှုန်းတိုင်းကိရိယာသည် ၃၀ စင်တီမီတာ (၁၁ ဒသမ ၈ လက်မ)အရွယ်ရှိသော သစ်သား အဝိုင်းပြားတစ်ခုဖြစ်ကာ တိုင်းတာပုံမှာ ကန်ရေအတွင်း ၎င်းကိရိယာကို ရေအတွင်းသို့နစ်မြုပ်စေပြီး ကိရိယာကိုမမြင်ရတော့သည့်နေရာနှင့် ပြန်လည်ဆွဲတင်ပြီး စတင်မြင်ရသည့်နေရာတို့၏အနက်စင်တီမီတာကို ပျမ်းမျှတွက်ချက်ထားသည့် ရေအနက်စင်တီမီတာသည် ရေကြည်နှုန်းဖြစ်ပါသည်။

ရေကြည်နှုန်းတိုင်းတာရာတွင် ရေနောက်ကျိနေပါက တိုင်းတာမှု မှားယွင်းနိုင်ပါသည်။ သို့ဖြစ်ရာ ကန်ရေနောက်ကျိနေသည့် အခြေအနေများ (ဥပမာ- ရေသွင်းပြီးခါစအချိန်များ၊ မိုးရွာသွန်းထားပြီးသည့် အချိန်များ) မရှိသည့်အချိန်တွင်သာ တိုင်းတာရမည်ဖြစ်ပါသည်။

### အမိုးနီးယား

ငါးများစွန့်ထုတ်သော မစင်၊ အညစ်အကြေးများထဲတွင် အမိုးနီးယားနှင့် ယူရီးယားများပါဝင်ကြပါသည်။ အမိုးနီးယားသည် ငါးများအတွက် အဆိပ်အတောက်ဖြစ်စေနိုင်သကဲ့သို့ အစာအကြွင်းအကျန်များမှလည်း အမိုးနီးယားကိုဖြစ်ပေါ်စေနိုင်ပါသည်။ ငါးကန်တစ်ကန်အတွင်း အမိုးနီးယားများတိုင်းတာရာတွင် အမိုးနီးယားပါဝင်နှုန်းသည် အနည်းဆုံး ၀ ဒသမ ၀၂ ppm ထက် လျော့နည်းရမည်ဖြစ်ပါသည်။ အမိုးနီးယားအဆိပ်အတောက်ဖြစ်မှုသည် ကန်ရေ၏ အပူချိန်၊ ချဉ်ဖန်နှုန်း၊ ပျော်ဝင်အောက်ဆီဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုက် ပြောင်းလဲမှုပမာဏတို့နှင့် သက်ဆိုင်နေပါသည်။ ငါးကန်ထဲတွင် အပင်မျှောလေးများ အစုလိုက်သေဆုံးမှုဖြစ်သောအခါ အမိုးနီးယားအဆိပ်အတောက်ဖြစ်မှုကို ပိုမို တွေ့ရှိရပါသည်။ ထိုသို့သော အခြေအနေမျိုးတွင် ရေလဲလှယ်မှုများကို ပြုလုပ်ပေးရန် လိုအပ်ပါသည်။

### နိုက်ထရိတ်နှင့် နိုက်ထရိုက်

ငါးမွေးကန်အတွင်း နိုက်ထရိတ်ပါဝင်မှုပမာဏသည် ၀ - ၄၀ mg/L အတွင်း ရှိသင့်ပြီး နိုက်ထရိုက်ပါဝင်မှုပမာဏသည် ၀.၀ - ၀.၅ mg/L အတွင်း ရှိရမည်ဖြစ်ပါသည်။ ရေညှိတက်ခြင်းကို အားပေးသကဲ့သို့ ငါးများ၏ သွေးတွင်းအောက်ဆီဂျင်ကို လျော့နည်းစေသောကြောင့် နိုက်ထရိတ်နှင့် နိုက်ထရိုက်ပါဝင်မှုကို ထိန်းသိမ်းပေးရပါမည်။ နိုက်ထရိုက်ပမာဏမြင့်မားနေပါက ငါးများကို အန္တရာယ်ဖြစ်စေတတ်သဖြင့် ဆားကြမ်းအသုံးပြု၍ လျှော့ချပေးနိုင်ပါသည်။

### ငါးမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေး သော့ချက်များ

ငါးမွေးမြူရေးကန်၌ ငါးများ ထည့်သွင်းမွေးမြူထားပါက ငါးများအား ထိန်းသိမ်းထားနိုင်မည့် လုံလောက်သော ရေပမာဏသည် ၎င်းမွေးမြူထားသော ကာလတစ်လျှောက်လုံး ကန်အတွင်းတွင် ရှိနေရန် လိုအပ်ပါသည်။ အကယ်၍ ရေအရင်းအမြစ်သည် တစ်နှစ်ပတ်လုံးမရရှိဘဲ လအချို့တွင်သာ ရရှိမည်ဆိုပါက ငါးမွေးမြူထုတ်လုပ်မှုကို ၎င်းရေ ရရှိသည့်လများတွင်သာ အချိန်ကိုက်၍ မွေးမြူသင့်ပါသည်။

ငါးများကြီးထွားလာလေ အစာလိုအပ်လာလေဖြစ်ပြီး အညစ်အကြေးလည်း ပိုမိုစွန့်ထုတ်လာသောကြောင့် ရေအရည်အသွေးကျဆင်းစေမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မွေးမြူရေးကာလတွင် ရေအရည်အသွေးကောင်းမွန်စေရန် ရေလဲလှယ်မှုပြုလုပ်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ ရေလဲလှယ်ချိန်တွင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဆက်စပ်နေသော ရေအရင်းအမြစ်ကို အထူးဂရုပြုသုံးစွဲသင့်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုသော ပိုးသတ်ဆေးများသည် ရေအရင်းအမြစ်တွင် ပါဝင်လာနိုင်ပြီး ကန်အတွင်းမွေးမြူထားသောငါးများ သေဆုံးနိုင်သည်အထိ အန္တရာယ်ရှိနိုင်ပါသည်။ ထို့အတူ ရေအသစ်ပြန်လည်သွင်းရာတွင်လည်း ပြင်ပမှငါးရိုင်းများ၊ အသားစားငါးများ ဝင်ရောက်လာနိုင်သဖြင့် ရေကိုစစ်ပြီးမှ သွင်းရမည်ဖြစ်ပါသည်။

ငါးမွေးမြူမည်ဆိုပါက ရေ၏ အရည်အသွေးပြုပြင်ထိန်းသိမ်းပေးခြင်းဖြင့် ရှင်သန်နှုန်းနှင့် ကြီးထွားနှုန်းကောင်းမွန်အောင် မွေးမြူနိုင်မည်ဖြစ်သကဲ့သို့ ရောဂါကျရောက်ခြင်းမှလည်း ကာကွယ်ပေးပါသည်။ ငါးမွေးမြူခြင်းမစတင်မီ မွေးမြူမည့် မြေကန်၊ အုတ်ကန်၊ ကွန်ကရစ်ကန်များကို တစ်ကြိမ်မွေးမြူပြီးတိုင်း ဆေးကြောခြင်း၊ မြေကန်အောက်ခြေရှိ နုန်းများကို ဖယ်ထုတ်ခြင်း၊ ကန်အား အခြောက်ခံခြင်း၊ ထုံးကြဲခြင်းပြုလုပ်လျှင် ရေအရည်အသွေးကောင်းမွန်ပြီး ရောဂါအလွယ်တကူကျရောက်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရေချိုငါးမွေးမြူရေးကဏ္ဍ၌ မြေကန်အတွင်းမွေးမြူထားသော ငါးမျိုးများအပြင် ဒေသရင်း တိုင်းရင်းငါးမျိုးစိတ်များကို တိုးပွားထုတ်လုပ်မွေးမြူနိုင်ရန်အတွက် စမ်းသပ်သုတေသနလုပ်ငန်းများ ဆက်လက်တိုးချဲ့လုပ်ဆောင်သွားပြီး နည်းပညာများကို ဖြန့်ဝေမည်ဖြစ်ပါသည်။ နိုင်ငံအတွင်း ကုန်းတွင်းငါးမွေးမြူရေးလုပ်ငန်းများ မွေးမြူလုပ်ကိုင်နိုင်သည့်နေရာ များစွာရှိနေခြင်းကြောင့် ငါးမွေးမြူမှု ဖွံ့ဖြိုးတိုးတက်စေမည့် သော့ချက်များကို လိုက်နာဆောင်ရွက်ပါက သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် ရေရှည်တည်တံ့သော မွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးကို ရည်သန်၍ မျှဝေရေးသားတင်ပြလိုက်ရပါသည်။

**ငါးအမျိုးအစားအလိုက် ကြီးထွားနှုန်း အကောင်းဆုံးဖြစ်နိုင်သော ရေ၏အရည်အသွေးများ**

| စဉ် | ငါးအမျိုးအစား | အကောင်းဆုံး အပူချိန် အတိုင်းအတာ | လိုအပ် ချဉ်ဖန်နှုန်း | လိုအပ် ပျော်ဝင်အောက်ဆီဂျင် ပမာဏ |
|---|---|---|---|---|
| ၁။ | နှုတ်ခမ်းမွေးပါသောငါးများ | ၂၅ - ၃၃°C | ၆ - ၈ | ၃ mg/L |
| ၂။ | တီလားပီးယားငါး | ၂၀ - ၃၅°C | ၆ - ၈ | ၃ mg/L |
| ၃။ | ငါးမြစ်ချင်းငါးအမျိုးအစား | ၂၃ - ၃၀°C | ၆.၅ - ၈.၅ | ၃ mg/L |


**ရည်ညွှန်းကိုးကားချက်များ**

၁။ R. Dennis Rouse, Director (1979). Water quality management in pond fish culture

၂။ International Center for Aquaculture, Agricultural Experiment Station

၃။ Durgesh Kumar Verma et al., (2022). Important Water Quality Parameters in Aquaculture: An Overview. Agriculture & Environment Newsletter. Vol.3:3

၄။ ရေချိုဒေသတွင် နေထိုင်သော ကျေးလက်နေပြည်သူများအတွက် အသေးစားငါးမွေးမြူရေး အညွှန်း စာစောင်

# ပင်လယ်လိပ်နှင့် အဏ္ဏဝါသက်ရှိ မျိုးစိတ်များ မျိုးသုဉ်းရန် တွန်းအားပေးနေသည့် အဏ္ဏဝါပလတ်စတစ် ညစ်ညမ်းမှု

မြန်လင်းမောင်

**မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဇီဝမျိုးစုံမျိုးကွဲ အကြွယ်ဝဆုံးနိုင်ငံများအနက် တစ်နိုင်ငံအပါအဝင်ဖြစ်ပြီး တစ်ကမ္ဘာလုံးရှိ ငှက်မျိုးစိတ်များ၏ ၁၀ ရာခိုင်နှုန်း၊ ကမ္ဘာပေါ်တွင် ကျက်စားသည့် ပင်လယ်လိပ် ခုနစ်မျိုးအနက် ငါးမျိုး၊ ရေချိုနှင့် ကုန်းလိပ်မျိုးစိတ်များ၏ ၁၀ ရာခိုင်နှုန်းတို့ကို ပိုင်ဆိုင်ထားသည်။**

ယင်းတို့အနက် ပင်လယ်လိပ်များသည် ကမ္ဘာ့အဏ္ဏဝါဂေဟစနစ်များကို ထိန်းသိမ်းရာတွင် နှစ်သန်းပေါင်း ၁၀၀ ကျော်သည်အထိ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။ ပင်လယ်လိပ်များသည် ရင့်ရော်နေသော ပင်လယ်မြက်ပင်များကိုစားသုံးပြီး ပြန်လည်စွန့်ထုတ်လိုက်သည့် မစင်များမှတစ်ဆင့် ပင်လယ်ရေနေပင်များအတွက် အစာအာဟာရများရရှိစေခြင်း၊ လိပ်ဥနှင့် သားပေါက်များက ဂေဟစနစ်အတွက် အာဟာရ အရင်းအမြစ်များအဖြစ် ထောက်ပံ့ပေးခြင်း၊ ဒေသအမွေအနှစ်တစ်ခုအဖြစ် တည်ရှိပြီး ကမ္ဘာလှည့် ခရီးသွားများအား ဆွဲဆောင်နိုင်ခြင်း အစရှိသည့် ဂေဟစနစ်ဝန်ဆောင်မှုများကို ရရှိနိုင်သည်။

မြန်မာနိုင်ငံတွင် ကျက်စားကြသည့် ပင်လယ်လိပ်ငါးမျိုးအနက် အဓိကအားဖြင့် ပြင်သာလိပ်၊ လိပ်စောင်းလျား၊ လိပ်ကြက်တူရွေး၊ လိပ်ခွေးနှင့် လိပ်လှောင်း စသည့် ပင်လယ်လိပ်မျိုးစိတ်ငါးမျိုးကို မြန်မာနိုင်ငံကမ်းရိုးတန်းဒေသများတွင် တွေ့ရှိနိုင်သည်။

### လိပ်စောင်းလျား

လိပ်စောင်းလျားသည် ကမ္ဘာ့အကြီးဆုံးပင်လယ်လိပ်ဖြစ်ပြီး အလေးချိန်ပေါင် ၅၀၀ မှ ၂၀၀၀ အထိ ရှိကြသည်။ ကျောအခွံမှာ ပျော့ပျောင်းပြီး စောင်းလျားသီးပုံသဏ္ဌာန် စောင်းငါးခုပါရှိသည်။

### လိပ်ကြက်တူရွေး

လိပ်ကြက်တူရွေး မျိုးစိတ်သည် ဦးခေါင်းသွယ်၍ ငှက်နှုတ်သီးပုံမေးရိုးရှိသည်။ အပူပိုင်းဒေသများတွင် အများဆုံး တွေ့ရှိရပြီး ၎င်းတို့၏ အခွံများအား လက်ဝတ်ရတနာအဖြစ် အသုံးပြုရန် အမဲလိုက်ခံရခြင်းကြောင့် လိပ်စောင်းလျားနှင့် လိပ်ကြက်တူရွေးမျိုးစိတ်များသည် မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ်များအဖြစ် သတ်မှတ်ခံထားရသည်။

### ပြင်သာလိပ်

ပြင်သာလိပ် မျိုးစိတ်များ၏ ကျောရိုးခွံမှာ သုံးပေအထိ ရှည်လျားပြီး အရောင်မျိုးစုံရှိသည်။ ယင်းလိပ်မျိုးစိတ်များသည် အသီးအရွက်ပေါများသော ပင်လယ်ကမ်းရိုးတန်းများနှင့် ပင်လယ်အော်များတွင် ကျက်စားလေ့ရှိသည်။

### လိပ်ခွေး

လိပ်ခွေးမျိုးစိတ်သည် ဦးခေါင်းခွံကြီး၍ သန်မာသော မေးရိုးများရှိသည်။ ကမ်းရိုးတန်း ဒေသများဖွံ့ဖြိုးရေး



လုပ်ငန်းများကြောင့် ၎င်းတို့ ဥချရာနေရာများ လျော့ပါးနှောင့်ယှက်ခံနေရပြီး ပြင်သာလိပ်နှင့် လိပ်ခွေး မျိုးစိတ်များသည် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသော မျိုးစိတ်များအဖြစ် သတ်မှတ်ခံထားရသည်။

### လိပ်လှောင်း

လိပ်လှောင်း မျိုးစိတ်များသည် ဦးခေါင်းသေးပြီး အခွံမှာ သံလွင်ရောင်ရှိကြသည်။ မြန်မာနိုင်ငံတွင် တွေ့ရှိရသော ပင်လယ်လိပ်မျိုးစိတ်များအနက် အရွယ်အစား အသေးဆုံးလိပ်မျိုးစိတ်များဖြစ်ကြသည်။ ၎င်းတို့သည် ငါးဖမ်းပိုက်များတွင် မတော်တဆ ဖမ်းဆီးခံရခြင်း၊ အဏ္ဏဝါစွန့်ပစ်အမှိုက်များနှင့် အသိုက်များ ဆုံးရှုံးခြင်းတို့ကြောင့် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသော မျိုးစိတ်အဖြစ် သတ်မှတ်ခံထားရသည်။

မြန်မာနိုင်ငံတွင် တွေ့ရှိရသည့် ပင်လယ်လိပ်မျိုးစိတ် ငါးမျိုးလုံးသည် မျိုးသုဉ်းရန် အန္တရာယ်ကျရောက် နေသော မျိုးစိတ်များအဖြစ် သတ်မှတ်ခံထားရပြီး စီးပွားဖြစ် ငါးဖမ်းဆီးခြင်း၊ အသိုက်များ ဆုံးရှုံးခြင်း၊ အဏ္ဏဝါစွန့်ပစ် ပစ္စည်းများနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကြောင့် ကမ္ဘာ့သမုဒ္ဒရာများ ညစ်ညမ်းလာမှုနှင့်အတူ ရာသီဥတုဖောက်ပြန်ခြင်းတို့သည် ပင်လယ်လိပ်များ မျိုးသုဉ်းရန်အတွက် တွန်းအားပေးလျက်ရှိသည်။ အထူးသဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေထုညစ်ညမ်းမှုများကို ဖြစ်ပေါ်စေသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် ပင်လယ်ရေထုအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ၊ နေရင်းဒေသများနှင့် ဂေဟစနစ်များကို ထိခိုက်ပျက်စီးစေလျက်ရှိသည်။ ပင်လယ်ရေထု ညစ်ညမ်းမှုများသည် အဏ္ဏဝါရေပြင်ကို များစွာထိခိုက်စေခြင်းကြောင့် သန့်ရှင်းသည့် ငါးသယံဇာတများ ရေရှည်တည်တံ့စွာ ထုတ်ယူနိုင်မှု၊ စားနပ်ရိက္ခာဖူလုံမှု၊ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲ ပေါများကြွယ်ဝမှုနှင့် ပင်လယ်လိပ်များ ပေါက်ပွားရှင်သန်ရေးတို့ကို ခြိမ်းခြောက်လျက်ရှိသည်။

**အဏ္ဏဝါစွန့်ပစ်ပစ္စည်းများနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကြောင့် ကမ္ဘာ့သမုဒ္ဒရာများ ညစ်ညမ်းလာမှုနှင့်အတူ ရာသီဥတုဖောက်ပြန်ခြင်းတို့သည် ပင်လယ်လိပ်များ မျိုးသုဉ်းရန်အတွက် တွန်းအားပေးလျက်ရှိသည်။ အထူးသဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေထုညစ်ညမ်းမှုများကို ဖြစ်ပေါ်စေသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် ပင်လယ်ရေထုအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ၊ နေရင်းဒေသများနှင့် ဂေဟစနစ်များကို ထိခိုက်ပျက်စီးစေလျက်ရှိသည်**

### ပလတ်စတစ် ညစ်ညမ်းမှု၏ သက်ရောက်မှု

ပင်လယ်လိပ် များသည် ပလတ်စတစ်အမှိုက်များကို စားသုံးသည့် တိရစ္ဆာန်များထဲတွင် ပါဝင်ပြီး ကမ္ဘာ့ဒေသအများစုနှင့် ပင်လယ်လိပ်မျိုးစိတ် ခုနစ်မျိုးစလုံးတွင် ဖြစ်ပွားသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။

ကမ္ဘာ့သမုဒ္ဒရာများအတွင်းသို့ နှစ်စဉ် ပလတ်စတစ်အမှိုက်တန်ချိန်သန်းပေါင်းများစွာ ဝင်ရောက်လာသဖြင့် ပင်လယ်လိပ်များအားလုံး၏ ၅၂ ရာခိုင်နှုန်းခန့်သည် ပလတ်စတစ်များကို အစာအမှတ်ဖြင့် စားသုံးခဲ့ကြသည်ဟု ခန့်မှန်းထားသည်။

ဓနသဟာယသိပ္ပံနှင့်စက်မှုသုတေသနအဖွဲ့(CSIRO)က ဩစတြေးလျနိုင်ငံ ကမ်းခြေများတွင် သေဆုံးပြီး မျောပါနေသော လိပ်ကောင်ရေ ၁၀၀၀ နီးပါးကို သုတေသနပြုခဲ့ရာ လိပ်တစ်ကောင်၏ အူလမ်းကြောင်းတွင် ပလတ်စတစ်ပစ္စည်း ၁၄ ခု ရောက်ရှိသည်နှင့် တစ်ပြိုင်နက် သေဆုံးနိုင်ခြေ ၅၀ ရာခိုင်နှုန်းရှိပြီး ပလတ်စတစ် အပိုင်းအစတစ်ခုတည်းကိုပင် စားသုံးမိပါက သေဆုံးနိုင်ခြေ ၂၂ ရာခိုင်နှုန်းရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ထို့ပြင် အချို့သော ပင်လယ်လိပ်များသည် ပလတ်စတစ်အပိုင်းအစ တစ်ခုတည်းကို သာလျှင် စားသုံးမိသော်လည်း ၎င်းတို့၏ အစာအိမ်နှင့် အူလမ်းကြောင်းအတွင်း ပိတ်ဆို့ကာ အသက်သေဆုံးနိုင်ခြေရှိကြောင်း သုတေသနမှတ်တမ်းများက ဆိုသည်။

### တစ္ဆေငါးဖမ်းပိုက်များ

တစ်ကမ္ဘာလုံးတွင် နှစ်စဉ်ငါးဖမ်းကိရိယာတန်ချိန် ၆၄၀၀၀၀ ခန့်သည် ပင်လယ်ထဲသို့ ရောက်ရှိကြောင်း ခန့်မှန်းကြသည်။ ခေတ်မီငါးဖမ်းကိရိယာများသည် ပလတ်စတစ်များဖြင့် ပြုလုပ်ထားခြင်းကြောင့် သေးငယ်သော ပလတ်စတစ် အမှုန်အမွှားများအဖြစ် မပြိုကွဲမီ နှစ်ပေါင်းများစွာကြာအောင် ပင်လယ်ထဲတွင် ဆက်လက်တည်ရှိနေကြသည်။ ယင်းစွန့်ပစ် ပစ္စည်းများကြောင့် သန္တာကျောက်တန်းများ အပါအဝင် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသော လိပ်ကြက်တူရွေး၊ ငါးမန်းများ၊ ငါးလိပ်ကျောက်များ၊ ပင်လယ်လိပ်များနှင့် အခြားသော ပင်လယ်နေသက်ရှိသတ္တဝါများကို အန္တရာယ်ဖြစ်ပေါ်စေလျက်ရှိသည်။ ၂၀၁၉ ခုနှစ်အတွင်း Myanmar Ocean Project မှ မြိတ်ကျွန်းစုရှိ သန္တာကျောက်တန်းများရှိရာ ၈၇ နေရာတွင် ရေငုပ်၍ စစ်တမ်းကောက်ယူခဲ့ရာ အဆိုပါ နေရာများ၏ ၉၅ ရာခိုင်နှုန်းတွင် တစ္ဆေငါးဖမ်းကိရိယာများ ပုံသဏ္ဌာန်၊ အရွယ်အစားအမျိုးမျိုးဖြင့် ရှိနေကြောင်း လေ့လာ တွေ့ရှိခဲ့သည်။ ထိုသို့ဖြစ်ရသည့် အဓိက အကြောင်းရင်းများမှာ အသုံးပြု၍ မရတော့သည့် ငါးဖမ်းကိရိယာများကို ပင်လယ်ထဲသို့ မဆင်မခြင် စွန့်ပစ်ခြင်းနှင့် ပျက်စီးပျောက်ဆုံးသွားသော ပိုက်စကြီးများ ရေနှင့်အတူ မျောပါကာ သန္တာကျောက်တန်းများပေါ်တွင် စုပုံနေခြင်းဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ထားသည်။

ထိုသို့သော ပလတ်စတစ်ညစ်ညမ်းမှုများကြောင့် ပင်လယ်လိပ်များသာမက အခြားသော အဏ္ဏဝါသက်ရှိများအပေါ် ပိုမိုဆိုးရွားသော ထိခိုက်ပျက်စီးမှုများ မဖြစ်လာစေရေး၊ သန့်ရှင်းသော အဏ္ဏဝါဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပြန်လည်ထူထောင်ရေးတို့အတွက် ပလတ်စတစ်ကို လျှော့ပေါ့သုံးစွဲပြီး စွန့်ပစ်အမှိုက်များ စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်ရန် တွန်းအားပေး လုပ်ဆောင်ရမည့် အချိန်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း။ ။

ကိုးကား –
(၁) https:// www.csiro.au/en/research/environmental–impacts/sustainability/turtles–and–plastic
(၂) Myanmar Costal Conservation Lab၊ မြန်မာနိုင်ငံရှိ ပင်လယ်လိပ်များအကြောင်း။
(၃) Myanmar Ocean Project ၏ သုတေသနအချက်အလက်များ။






## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ရန်ကင်းတောရကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓာတုမာလာပရိယတ္တိ စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ကောင်းဆုဝေကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မိုးကောင်းကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိမဟာဝိစိတ္တာရုံကျောင်းတိုက်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ အောင်ဇေယျာမင်းကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သုဝဏ္ဏနားဝမ်(ကိုရင်လေး) ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ကရင်ပရိယတ္တိ စာသင်တိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ သာသနာ့ဗိမာန်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မစိုးရိမ်ပရဟိတကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိဥသျှစ်ကုန်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ အောင်ပင်လယ် စာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော် သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်းသိရသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေသွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။" **ကျန်းမာရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၇ - ၂၀၂၂

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၃၀ ကျပ် | ၂၁၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၁၀ ကျပ် | ၂၂၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၅၀ ကျပ် | ၂၂၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၆၅ ကျပ် | ၂၃၁၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၁ ဦး တွေ့ရှိ

(၂၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၃၃၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၈၈,၇၄၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၉၇၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၇၇၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊** **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၅၆။

MYANMAR Digital News

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၁၀၀ | ၅၀၄ | ၄၀၈၂၇၀၀ |
| MTSH | ၂၈၀၀ | ၂၈၀၀ | ၄၁၅၉ | ၁၁၆၄၅၄၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၅၂ | ၃၉၉၇၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၄၂၅၄ | ၆၄၉၃၆၅၀ |
| TMH | ၂၄၅၀ | ၂၄၀၀ | ၁၁၇ | ၂၈၆၆၀၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၁၁ | ၂၆၉၅၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၂၅၇ | ၁၂၃၄၁၀၀ |
| MAEPC | ၁၇၀၀ | ၁၇၀၀ | ၄၆၈၆၃ | ၇၉၆၆၇၁၀၀ |

ညီညီ - စုစည်းသည်



# မိတ္ထီလာခရိုင်အတွင်း ဝါသီးနှံစိုက်တောင်သူများ အကျိုးအမြတ်များရရှိ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်သည် ဝါစိုက်ပျိုးမှုများသော ဒေသဖြစ်ပြီး ဝါစက်လုပ်ငန်းနှင့် ဝါစေ့ဆီစက်များမှ ဝါစေ့ဆီ ထုတ်လုပ်သည့် လုပ်ငန်းများ လုပ်ကိုင်ကြကြောင်း၊ ဝါသီးနှံကို မိုးကြို၊ မိုးနှင့် မိုးနှောင်းဟူ၍ စိုက်ပျိုးကြကာ ဒေသတွင်း၌ မိုးနှင့် မိုးနှောင်းဝါများကိုသာ အများဆုံး စိုက်ပျိုးကြကြောင်း၊ လက်ရှိ အချိန်တွင် ဝါသီးနှံ စိုက်ပျိုးဆဲကာလဖြစ်သည့်အတွက် ဝါနှင့်ဂွမ်း လက်ကျန် အနည်းငယ်သာရှိကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်တွင် ဝါစက်လုပ်ငန်းရှင် ခုနစ်ဦး ရှိသည့် အနက် ခြောက်ဦးမှာ ဝါစက်လုပ်ငန်းအပြင် ဝါစေ့ဆီထုတ်လုပ်သည့် လုပ်ငန်းများကိုပါ လုပ်ကိုင်လျက်ရှိကြောင်း၊ ဝါစက်လုပ်ငန်း အနေဖြင့် ဝါကုန်ကြမ်း သုံးပိဿာကြိတ်လျှင် ဂွမ်းတစ်ပိဿာနှင့် ဝါစေ့သုံးပုံနှစ်ပုံခန့် ထွက်ရှိကြောင်း၊ ဝါစေ့ဆီ ထုတ်လုပ်မှု အနေဖြင့် ဝါစေ့ပိဿာ ၁၀၀ ကြိတ်လျှင် ဝါစေ့ဆီ ၁၀/၁၂ ပိဿာခန့် ထွက်ရှိကြောင်း၊ ဝါစေ့ဆီကို အကြော်လုပ်ငန်းများမှ ဝယ်ယူလျက်ရှိပြီး ဝါစေ့ဖတ်များကို တိရစ္ဆာန် အစာနှင့် မှိုစိုက်ပျိုး ရေးတို့အတွက် အသုံးပြုကြကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ဝါကုန်ကြမ်းတစ်ပိဿာလျှင် ကျပ် ၃၆၀၀–၃၈၀၀ ၊ ဂွမ်းတစ်ပိဿာလျှင် ကျပ် ၈၅၀၀ ၊ ဝါစေ့နှင့် ဝါစေ့ဖတ်တစ်ပိဿာလျှင် ကျပ် ၁၅၀၀–၁၆၀၀ နှင့် ဝါစေ့ဆီ တစ်ပိဿာလျှင် ကျပ် ၇၃၀၀ ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် နိုင်ငံပိုင်ချည်မျှင်နှင့် အထည်စက်ရုံ များသို့ တင်ပို့ရောင်းချလျက်ရှိရာ ဝါသီးနှံမှာ အကျိုးအမြတ် များစွာရရှိသည့်အတွက် ဝါသီးနှံကို ပိုမိုစိုက်ပျိုးသင့်ကြောင်း သိရသည်။

DOCA(မန္တလေး)

# မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

**မြဝတီကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ၁၅-၇-၂၀၂၃ ရက်မှ ၁၇-၇-၂၀၂၃ ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် ပြောင်း၊ နှမ်း၊ ကြက်သွန်နီ၊ ရေထွက်ကုန်များဖြစ်သည့် ငါးခြွေလျှော၊ ရွှံ့ကဏန်းတို့အပြင် ဂေါ်ဖီထုပ်၊ ငရုတ်၊ ဖိနပ်နှင့် CMP ပစ္စည်းများဖြစ်သည့် အမျိုးသား အမျိုးသမီး အဝတ်အထည်များ တင်ပို့ခဲ့သည်။**

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ CMP ပစ္စည်း၊ ပြောင်း၊ ငရုတ်၊ ကြက်သွန်နီ၊ ဂေါ်ဖီထုပ်၊ ချင်းခြောက်၊ ရေထွက်ကုန်ပစ္စည်းနှင့် အခြားပစ္စည်းများဖြစ်သည်။

ယခုအခါ ထိုင်းနိုင်ငံ၌ စားသောက်ကုန်လုပ်ငန်းများ တွင်ကျယ်စွာ ဆောင်ရွက်လာမှုနှင့်အတူ အသုံးပြုရန် လိုအပ်ချက်ကြောင့် စားသောက် ကုန်ပစ္စည်း ကုန်ကြမ်းဝယ်လိုအား မြင့်တက်နေ၍ လတ်တလောကာလ များတွင် ပိုမိုတင်ပို့နိုင်ခဲ့သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ Garment ၊ ဓာတ်မြေဩဇာ၊ စားသောက်ကုန်၊ စက်ဆီ/ချောဆီ၊ LPG (ဓာတ်ငွေ့ရည်)၊ ယန္တရားစက်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်နှင့်စက် အပိုပစ္စည်းများ၊ ဆေးဝါး၊ သစ်သီးမျိုးစုံ၊ လူသုံးကုန်ပစ္စည်းများဖြစ်သည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် တိရစ္ဆာန်အစာ၊ စက်ဘီး၊ အဝတ် အထည်၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်၊ ဖိနပ်၊ သစ်သီး၊ Garment ၊ ဓာတ်မြေဩဇာ၊ အိမ်သုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်နှင့်စက်ပစ္စည်း ကိရိယာများ၊ အိမ်သုတ်ဆေး၊ ကုန်ကြမ်းပစ္စည်း၊ ယန္တရားစက်ပစ္စည်းများ၊ ငါးဖမ်းပစ္စည်း၊ စက်ဆီ/ချောဆီ၊ LPG (ဓာတ်ငွေ့ရည်) နှင့် အလှကုန်ပစ္စည်းတို့ တင်သွင်းခဲ့သည်။

ငွေဈေးနှုန်းအနေဖြင့် ယခင်အပတ်က တစ်ဘတ်လျှင် ၈၉ ဒသမ ၂၉ ကျပ် ရှိပြီး ယခုအပတ်တွင် ၈၉ ဒသမ ၁၃ ကျပ်ဖြစ်၍ ဘတ်ဈေး အနည်းငယ် ကျဆင်းခဲ့ပြီး ကုန်ပစ္စည်းများ တင်ပို့၊ တင်သွင်းခြင်းကို ရန်ကုန်- ဘားအံ- မြဝတီကုန်သွယ်မှုလမ်းကြောင်းအတိုင်း ပုံမှန် ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၈ ရက်မှ ၁၄ ရက်အထိ အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ပြောင်းတစ်တန်လျှင် ပျမ်းမျှ ၂၉၉ ဒသမ ၁၄၉ ဒေါ်လာနှုန်းဖြင့် ၂၂၀၃၅ ဒသမ ၈၂၉ တန်(တန်ဖိုး ဒေါ်လာ ၆ ဒသမ ၅၉၂ သန်း)၊ ချုပ်ပြီး အထည် ၁၁ ဒသမ ၁၁၇ တန်(ဒေါ်လာ ၁ ဒသမ ၅၆၉ သန်း)၊ ကြက်သွန်နီ တစ်တန်လျှင် ၅၃၉ ဒသမ ၂၉၅ ဒေါ်လာနှုန်းဖြင့် ၁၁၀၇ ဒသမ ၀၀၀ တန်(ဒေါ်လာ ၀ ဒသမ ၅၉၇ သန်း)၊ငရုတ်သီး (အစို)တစ်တန်လျှင် ၆၇၂ ဒသမ ၅၄၄ ဒေါ်လာနှုန်းဖြင့် ၆၄၃ ဒသမ ၈၂၄ တန် (ဒေါ်လာ ၀ ဒသမ ၄၃၃ သန်း)၊ ငရုတ်သီး (ခြောက်) တစ်တန်လျှင် ၁၆၃၃ ဒသမ ၁၁၅ ဒေါ်လာနှုန်းဖြင့် ၉၅ ဒသမ ၅၂၃ တန် (ဒေါ်လာ ၀ ဒသမ ၁၅၆ သန်း)၊ ဂေါ်ဖီထုပ် တစ်တန်လျှင် ၁၉၈ ဒသမ ၇၀၂ ဒေါ်လာနှုန်းဖြင့် ၄၉၃ ဒသမ ၂ တန် (ဒေါ်လာ ၀ ဒသမ ၀၉၈ သန်း)၊ ငါးမျိုးစုံ တစ်တန်လျှင် ၁၁၅၄ ဒသမ ၀၂၆ ဒေါ်လာနှုန်းဖြင့် ၄၀ ဒသမ ၇၂၇ တန် (ဒေါ်လာ ၀ ဒသမ ၀၄၇ သန်း)၊ ချင်းခြောက် တစ်တန်လျှင် ၉၉၅ ဒသမ ၀၂၅ ဒေါ်လာနှုန်းဖြင့် ၂၈ ဒသမ ၁၄ တန် (ဒေါ်လာ ၀ ဒသမ ၀၂၈ သန်း)၊ မန်ကျည်းသီး(အစေ့ပါ) တစ်တန်လျှင် ၃၄၃ ဒသမ ၇၅ ဒေါ်လာနှုန်းဖြင့် ၆၄ တန် (ဒေါ်လာ ၀ ဒသမ ၀၂၂ သန်း)နှင့် ကဏန်း တစ်တန်လျှင် ၁၈၁၈ ဒသမ ၁၈ ဒေါ်လာ နှုန်းဖြင့် ၆ ဒသမ ၀၅ တန် (ဒေါ်လာ ၀ ဒသမ ၀၁၁ သန်း) ဖြစ်သည်။ ပို့ကုန်ကားခအနေဖြင့် ယာဉ်အမျိုးအစားအလိုက် ၁၂ ဘီး ယာဉ်၏ ကုန်ကျစ် တစ်ပိဿာဈေးနှုန်းမှာ ကျပ် ၁၂၀၊ ကုန်ပွတစ်ပိဿာ ဈေးနှုန်းမှာ ကျပ် ၁၃၀၊ ၂၂ ဘီးယာဉ်၏ ကုန်ကျစ် တစ်ပိဿာ ဈေးနှုန်း မှာ ကျပ် ၉၀၊ ကုန်ပွတစ်ပိဿာဈေးနှုန်းမှာ ကျပ် ၁၀၀ ရှိသည်။

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် (ဧပြီ ၁ ရက်မှ ဇူလိုင် ၁၇ ရက်အထိ) အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ဒေါ်လာ ၁၇၀ ဒသမ ၀၇၇ သန်း၊ သွင်းကုန်ဒေါ်လာ ၃၇၅ ဒသမ ၁၅၇ သန်း၊ ကုန်သွယ်မှုပမာဏဒေါ်လာ ၅၄၅ ဒသမ ၂၃၄ သန်းရှိပြီး ယခင်နှစ် ကာလတူတွင် ပို့ကုန် ဒေါ်လာ ၃၀၂ ဒသမ ၈၁၉ သန်း၊ သွင်းကုန် ကန် ဒေါ်လာ ၃၉၉ ဒသမ ၈၆ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၇၀၂ ဒသမ ၆၇၉ သန်း ဆောင်ရွက်ခဲ့သဖြင့် ကာလတူနှိုင်းယှဉ်လျှင် ယခု ဘဏ္ဍာနှစ်တွင် ယခင်နှစ်ထက် လျော့နည်းခဲ့သည်။



သွင်းကုန် ပိတ်လိပ်ကားစစ်ဆေးနေပုံ။

# လွယ်ဂျယ်နယ်စပ် ကုန်စည်စီးဆင်းမှုအခြေအနေ

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဇူလိုင် ၁၇ ရက်မှ ၁၈ ရက် အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန်ကွဲ ၁၅ ဒသမ ၀၀ တန် (တန်ဖိုးဒေါ်လာ ၀ ဒသမ ၀၀၆ သန်း)၊ ပြောင်း ၆၆ တန်(တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၁၉ သန်း)၊ ပဲတီစိမ်း ၃၃ တန် (တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၂၃ သန်း)၊ တစ်သျှူးငှက်ပျော ၁၆ တန်(တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၀၅ သန်း)၊ Lead Carbonate တန် ၇၀( တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၂၃ သန်း) တင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် ဆန်တစ်တန်လျှင် ၄၆၉ ဒေါ်လာ၊ ဆန်ကွဲတစ်တန်လျှင် ၄၀၈ ဒေါ်လာ၊ တစ်သျှူးငှက်ပျော တစ်တန်လျှင် ၃၃၄ ဒေါ်လာ၊ ပြောင်းတစ်တန်လျှင် ဒေါ်လာ ၃၁၀ နှင့် ပဲတီစိမ်းတစ်တန်လျှင် ဒေါ်လာ ၇၀၀ ရှိ၍ သယ်ယူပို့ဆောင်ခမှာ ဗန်းမော်မှ လွယ်ဂျယ်သို့ ပို့ကုန်တစ်ပိဿာလျှင် ၇၂ ကျပ်ဖြစ်သည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းအနေဖြင့် ဓာတ်မြေဩဇာ ၁၈၉ တန် (တန်ဖိုးဒေါ်လာ ၀ ဒသမ ၀၇၃ သန်း)၊ ထွန်စက်အစီး ၂၀(တန်ဖိုးဒေါ်လာ ၀ ဒသမ ၀၈ သန်း)၊ စက္ကူလိပ်ခုနစ်တန်(တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၀၂ သန်း)၊ ပိတ်လိပ် ၁၄ ဒသမ ၂ တန် (တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၁ သန်း)၊ ပီနံအိတ် ၁၃ တန်(တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၁ သန်း)၊ ချည် ၃၁ ဒသမ၂ တန်(တန်ဖိုးဒေါ်လာ ၀ ဒသမ ၀၂၁ သန်း)၊ ရိတ်သိမ်းခြွေလှေ့ စက်နှစ်စီး (တန်ဖိုးဒေါ်လာ ၀ ဒသမ ၀၂၁ သန်း) ကုန်စုံ ၂၇ ဒသမ ၂၅တန် (တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၂၆ သန်း)တို့ကို အများဆုံး တင်သွင်းခဲ့သည်။

သွင်းကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် ဓာတ်မြေဩဇာ(Organic Fertilizer) တစ်တန်လျှင် ဒေါ်လာ၂၅၀၊ ဓာတ်မြေဩဇာ (Compound Fertilizer) တစ်တန်လျှင် ၃၉၈ ဒေါ်လာ၊ ထွန်စက်တစ်စီးလျှင် ဒေါ်လာ ၄၀၀၀၊ ပီနံအိတ်တစ်တန်လျှင် ၇၉၇ ဒေါ်လာ၊ ရိတ်သိမ်းခြွေလှေ့စက် တစ်စီးလျှင် ဒေါ်လာ ၁၀၄၀၀ ရှိ၍ လွယ်ဂျယ်မှ ဗန်းမော်သို့ သယ်ယူ ပို့ဆောင်ခမှာ ၁၂ ဘီးယာဉ်တစ်စီးလျှင် ကုန်ကျစ် ကျပ် ၈၀၀၀၀၀၊ ကုန်ပွ ကျပ် ၅၀၀၀၀၀ နှင့် ကုန်စုံတစ်စီးလျှင် ကျပ် ၆၅၀၀၀၀ ဝန်းကျင် ရှိကြောင်း သိရသည်။

ကုန်သွယ်မှုလမ်းကြောင်းအနေဖြင့် ရွှေဘို၊ စစ်ကိုင်းနှင့် မန္တလေး ဒေသထွက် ပို့ကုန်ပစ္စည်းများအား မန္တလေး – လက်ပံလှ – ဗန်းမော်– မိုးမောက် (ကျောက်စခန်း) – စိန်လုံ – လွယ်ဂျယ်လမ်းကြောင်း၊ ဗန်းမော် ဒေသထွက် ပို့ကုန်ပစ္စည်းများအား ဗန်းမော် –မိုးမောက် (ကျောက်စခန်း)– စိန်လုံ – လွယ်ဂျယ် လမ်းကြောင်းအတိုင်း တင်ပို့လျက်ရှိပြီး သွင်းကုန် ပစ္စည်းများအား လွယ်ဂျယ်–စိန်လုံ–မိုးမောက်(ကျောက်စခန်း)–ဗန်းမော် လမ်းကြောင်းအတိုင်း ကုန်သွယ်မှုပြုလုပ်လျက်ရှိသည်။

**ငွေကြေးဈေးကွက်ပြောင်းလဲမှုအခြေအနေ**

လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် ဇူလိုင် ၁၆ ရက်က တရုတ်ငွေတစ်ယွမ်လျှင် ၄၂၉ ကျပ်နှင့် ၁၈ ရက်တွင် တစ်ယွမ် လျှင် ကျပ် ၄၃၀ ဈေးရှိခဲ့ကြောင်း သိရသည်။

# ပြည်မြေပဲဆန်ဈေးနှုန်း ယခင်နှစ်ထက်ပိုလာ

ပြည်ခရိုင်တွင် ဇွန်၊ ဇူလိုင်လမှစတင်၍ မိုးမြေပဲများ စတင်စိုက်ပျိုးရာ စိုက်ဧကမှာ ၁၅၀၀ စိုက်ပျိုးပြီးစီး၍ မိုးမြေပဲများမှာ လာမည့်ဩဂုတ်လ နှင့် စက်တင်ဘာလတို့တွင် စတင်ထွက်ပေါ်လာမည် ဖြစ်ကြောင်း သိရသည်။

ယခုအချိန် ပြည်ဈေးကွက်သို့ ကံမဘက်မှ ဝင်ရောက်လျက်ရှိပြီး တစ်နေ့လျှင် အိတ် ၁၅၀ ခန့်သာ ဝင်ရောက်လျက်ရှိကြောင်း၊ ဝင်ရောက် လာသော မြေပဲဆန်များကို ဆီစက်သမားများနှင့် ပဲကြော်၊ ပဲလှော်သမား များက ဝယ်ယူမှုရှိသဖြင့် ပြည်ဈေးကွက်တွင် ပုံမှန်အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

ယခင်နှစ် ဇူလိုင်လ ဒုတိယပတ်တွင် မြေပဲဆီဆန် (အဖြူ၊ အနီ) တစ်ပိဿာလျှင် ကျပ် ၄၂၀၀ ၊ လုံးဆန် (အဖြူ၊ အနီ) တစ်ပိဿာလျှင် ကျပ် ၄၄၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုနှစ် ဇူလိုင်လ ဒုတိယပတ်တွင် မြေပဲဆီဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၆၃၀၀၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၇၀၀၀ ဈေးအထိ မြင့်တက်လာသောကြောင့် ယခင်နှစ်ထက် မြေပဲဆန်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ အထိ ဈေးမြင့်တက်ခဲ့ကြောင်း၊ လုံးဆန်ဈေးမှာလည်း (အဖြူ) တစ်ပိဿာလျှင် ကျပ် ၆၅၀၀ ၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၈၅၀၀ ရောင်းချသဖြင့် ယခင်နှစ်ထက် တစ်ပိဿာလျှင် ကျပ် ၄၀၀၀ အထိ ဈေးနှုန်းများမြင့်တက် လာခဲ့ကြောင်း သိရသည်။ မြေပဲဆီဈေးနှုန်းမှာ ယခင်နှစ် ဇူလိုင်လ (ဒုတိယပတ်)တွင် တစ်ပိဿာလျှင် ကျပ် ၉၅၀၀၊ ယခုနှစ် ဇူလိုင်လ (ဒုတိယပတ်) တွင် တစ်ပိဿာလျှင် ကျပ် ၁၃၅၀၀ ဖြင့် တစ်ပိဿာလျှင် ကျပ် ၄၀၀၀ အထိ ဈေးများ မြင့်တက်လာခဲ့ကြောင်း သိရသည်။



DOCA(ပဲခူး)

## ဂရိနိုင်ငံ ရုဒ်စ်ကျွန်း၌ တောမီးလောင်မှုကြောင့် ကမ္ဘာလှည့်ခရီးသွား ထောင်နှင့်ချီ ကယ်တင်ခဲ့ရ

**အေသင် ဇူလိုင် ၂၃**

ဂရိနိုင်ငံ၌ ရုဒ်စ်ကျွန်းတွင် ဇူလိုင် ၂၂ ရက် ညနေပိုင်းက တောမီးလောင်မှုကြောင့် ဒေသခံများနှင့် ကမ္ဘာလှည့်ခရီးသွား ၂၀၀၀ ထက်မနည်းကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်း ပေးခဲ့ရသည်ဟု အာဏာပိုင်များက ပြောသည်။ ဇူလိုင် ၁၈ ရက်မှစတင်ကာ ရုဒ်စ်ကျွန်းရှိ ထူထပ်လှသည့် တောအုပ်အတွင်း တောမီး စတင်လောင်ခဲ့သည်။




ဘေးကင်းရာသို့ ရွှေ့ပြောင်းလာသည့် ခရီးသွားများကိုတွေ့ရစဉ်။

ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်း မီးသတ်သမားများသည် တောမီးလောင်မှုအချို့ကို ထိန်းသိမ်း နိုင်ခဲ့သော်လည်း လေပြင်းများနှင့် ပြင်းထန်သည့် အပူချိန်ကြောင့် ကျွန်းအလယ်ပိုင်းတွင် တောမီးပြန်လည် လောင်ခဲ့သည်။ ပင်လယ်ကမ်းခြေကျေးရွာလေးရွာမှ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်း နေထိုင်ကြရန် အရေးပေါ် သတိပေးချက်များ ပေးပို့ခဲ့သည်။ ပင်လယ် ကမ်းခြေများတွင်လည်း ကမ်းခြေစောင့် ရေယာဉ်များဖြင့် ပြည်သူများကိုဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့သည်။ ထိုသို့ပြောင်းရွှေ့ရာတွင် ပုဂ္ဂလိက ရေယာဉ်များဖြင့်လည်း ကူညီရွှေ့ပြောင်း ပေးခဲ့ရသည်။ ကျွန်းပေါ်ရှိ အခြားဘေးလွတ်ရာ နေရာများသို့ လူများကိုရွှေ့ပြောင်း ပေးခဲ့ရသည်။

မြေပြင်၌ တောမီးငြိမ်းသတ်မှုကို မီးသတ်သမားပေါင်း ၂၀၀ နှင့် မီးသတ်ကား အစီး ၄၀ ဖြင့် ပြုလုပ်ခဲ့သည်။ ရဟတ်ယာဉ် ငါးစင်း၊ လေယာဉ်သုံးစင်းဖြင့်လည်း မီးငြိမ်းသတ်နိုင်ရေး ကြိုးပမ်းခဲ့သည်။ ကျွန်းပေါ်ရှိ ကမ္ဘာလှည့်ခရီးသွားများ နေထိုင်ရာ နေရာများမှ ၁၀ ရာခိုင်နှုန်းကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်ထုတ်ခဲ့ရသည်ဟု ဒေသခံမီးသတ်ဌာနမှ ပြောရေး ဆိုခွင့်ရှိသူ ယန်နစ်အော်တိုပီယိုက အေသင်သတင်းအေဂျင်စီသို့ ပြောသည်။ **ဆင်ဟွာ**

## အီရန်အရှေ့တောင်ပိုင်း၌ သဲမုန်တိုင်းတိုက်ခတ်၊ လူ ၁၃၀၀ နီးပါး ဆေးကုသမှုခံယူရ

**တီဟီရန် ဇူလိုင် ၂၃**

အီရန်နိုင်ငံ အရှေ့တောင်ပိုင်း စစ္စတန်နှင့် ဘာလူချီစတိန် ပြည်နယ်တို့၌ ဇူလိုင် ၁၈ ရက် ကတည်းက သဲမုန်တိုင်း တိုက်ခတ်မှုကြောင့် လူပေါင်း ၁၂၈၆ ဦးမှာ ဆေးကုသမှုခံယူနေရကြောင်း တရားဝင်သတင်း အေဂျင်စီ အိုင်အာအင်န်အေက ဇူလိုင် ၂၂ ရက်တွင် ထုတ်ပြန်ထားသည်။

လူနာအများစုမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ နှလုံးနှင့် မျက်လုံးများ ထိခိုက်ခံစားခဲ့ရပြီး ၎င်းတို့ထဲမှ ၇၅ ဦးမှာ ဆေးရုံတက်ရောက်ရကြောင်း ပြည်နယ်ဘေးအန္တရာယ် လျော့ပါးရေးနှင့် စီမံခန့်ခွဲမှု အဖွဲ့အစည်း၏ အကြီးအကဲဖြစ်သူ မာဂျစ်မိုဟီဘီ၏ ပြောကြားချက်ကို ကိုးကားပြီး အိုင်အာအင်န်အေက ဖော်ပြထားသည်။ အီရန်နိုင်ငံ၌ ဇူလိုင် ၂ ရက်မှစကာ သဲမုန်တိုင်းများ တိုက်ခတ်ခဲ့မှုကြောင့် ပြည်နယ်အတွင်း လူပေါင်း ၃၀၀၀ ကျော် ဆေးကုသမှုခံယူခဲ့ရပြီး ၎င်းတို့ထဲမှ ၂၉၅ ဦး ထက်မနည်း ဆေးရုံတက်ရောက်နေရကြောင်း ဒေသတွင်း မီဒီယာများက ဖော်ပြထားသည်။



လွန်ခဲ့သည့် ရက် ၂၀ အတွင်း သဲမုန်တိုင်းတိုက်ခတ်မှု အပြင်းထန်ဆုံး နေရာများထဲတွင် ဇာဘိုလ်၊ ဇေဟတ်၊ ဟာမွန်း၊ ဟိမန်နှင့် နင်ရှုဇ်တို့ပါဝင်ကြောင်း မိုဟီဘီက ပြောသည်။ ဇူလိုင် ၂၁ ရက်က ဇာဘိုလ်မြို့၌ အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၂၆ ကီလိုမီတာ အထိရှိကြောင်း၊ လာမည့် ရက်အနည်းငယ်အတွင်း လေပြင်းတိုက်ခတ်မည်ဟု ခန့်မှန်းထားသောကြောင့် သဲမုန်တိုင်းလည်း ပိုမိုဝင်ရောက်နိုင်ကြောင်း ပြည်နယ်မိုးလေဝသ အဖွဲ့အစည်း၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ မိုဆန်ဟိုင်ဒါရီက ပြောကြားသည်။

အဆိုပါ ပြည်နယ်သည် မေလနှောင်းပိုင်းမှ စက်တင်ဘာလနှောင်းပိုင်းအထိ နွေရာသီလေပြင်းများ တိုက်ခတ်လေ့ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## ယမုံနာမြစ် စိုးရိမ်ရေအမှတ်ကျော်လွန်နေသည့်အတွက် အိန္ဒိယနိုင်ငံမြို့တော်၌ ရေလွှမ်းမိုးမှုဒဏ်နှင့်ကြုံတွေ့ရဖွယ်ရှိ

**နယူးဒေလီ ဇူလိုင် ၂၃**

အိန္ဒိယနိုင်ငံ၌ ယမုံနာမြစ်ရေမှာ ဇူလိုင် ၂၃ ရက်တွင် စိုးရိမ်ရေမှတ်ကို ထပ်မံကျော်လာသည့်အတွက် မြို့တော်ဒေလီနယ်မြေများတွင် ရေလွှမ်းမိုးမှုဒဏ်နှင့် ကြုံတွေ့ရဖွယ်ရှိသည်ဟု သိရသည်။

ညနေပိုင်းတွင် မြစ်ရေထပ်တိုးလာမည်ဟု ခန့်မှန်းထားပြီး အနိမ့်ပိုင်းဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဟု သိရသည်။ အကယ်၍ မြစ်ရေထပ်မံမြင့်တက်လာပါက အချို့သောနေရာများတွင် ရေလွှမ်းမိုးမှုနှင့် ကြုံတွေ့ရမည်ဖြစ်သည်။ ဒေလီအစိုးရသည်မြစ်ရေကြီးမှုနှင့်ပတ်သက်၍သတိပေးမှုအမြင့်ဆုံးထုတ်ပြန်ထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းဆောင်ရွက်ရန်လည်း အဆင်သင့်ပြင်ထားသည်။



ယမုံနာမြစ်ရေသည် ဒေလီမြို့ ဒေသအများအပြားကို တစ်ပတ်ကျော် ရေလွှမ်းမိုးစေခဲ့သည်။ ဟာယာနာ ရေထိန်းတံတားမှ ရေများ လွှတ်ခြင်းနှင့် ဟိမာချယ်ပရာဒေ့ရှ်တွင် မိုးတွင်းကာလ မိုးရွာသွန်းမှုများကြောင့် မြစ်ရေမျက်နှာပြင်မြင့်တက်လာခြင်းဖြစ်သည်။ **ဆင်ဟွာ**

## အဆက်မပြတ်ရွာသွန်းသော မိုးသက်မုန်တိုင်းကြောင့် တရုတ်နိုင်ငံ၌ လူပေါင်း ၅၅၀၀ ကျော် ရေဘေးကြုံ

**ရှင်ယန် ဇူလိုင် ၂၃**

အဆက်မပြတ်ရွာသွန်းသော မိုးသက်မုန်တိုင်းကြောင့် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်၌ လူပေါင်း ၅၅၀၀ ကျော် ရေဘေးသင့်မှုဖြစ်ပွားခဲ့သည့်အပြင် စီးပွားရေးဆုံးရှုံးမှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း ဇူလိုင် ၂၃ ရက်တွင် ပြည်နယ်ရေကြီးရေလျှံမှု ထိန်းချုပ်ရေးနှင့် မိုးခေါင်ရေရှားမှုလျော့ပါးရေးဌာနချုပ်၏ ထုတ်ပြန်ချက်အရ သိရသည်။

ဇူလိုင် ၂၁ ရက် ည ၈ နာရီမှ ဇူလိုင် ၂၃ ရက် နံနက် ၇ နာရီအထိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လျောင်နင်းပြည်နယ် အနောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် ထိခိုက်မှုရှိခဲ့ပြီး ပြည်နယ်အတွင်း ပျမ်းမျှမိုးရေချိန်မှာ ၆၀ ဒသမ ၇ မီလီမီတာအထိ ရှိခဲ့သည်။ ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီအထိ လူပေါင်း ၅၅၉၀ ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း၊ ရေလှောင်ကန်ခြောက်ခုမှာ စိုးရိမ်ရေမှတ်အထက် ကျော်လွန်လျက်ရှိပြီး လက်ရှိတွင် ရေများကို စနစ်တကျထုတ်လွှတ်လျက်ရှိကြောင်း သိရသည်။

ကောက်ပဲသီးနှံစိုက်ဧက ၅၄ ဟက်တာခန့်နှင့် နေအိမ်အချို့ ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ပြီး စီးပွားရေးတိုက်ရိုက်ဆုံးရှုံးမှုအနေဖြင့် ယွမ် ၁ ဒသမ ၄ သန်းကျော် (အမေရိကန်ဒေါ်လာ ၁၉၅၉၀၀ ခန့်) ရှိသည်ဟု ဆိုသည်။ **ဆင်ဟွာ**



## သြစတြေးလျ၌ စစ်ရေးလေ့ကျင့်မှုအတွင်း မြေပြင်မှရေပြင်ပစ် သင်္ဘောဖျက်ဒုံးကျည် ဂျီအက်စ်ဒီအက်ဖ် ပစ်လွှတ်

**ကင်ဘာရာ ဇူလိုင် ၂၃**

ဂျပန်နိုင်ငံ မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (ဂျီအက်စ်ဒီအက်ဖ်) သည် သြစတြေးလျစစ်တပ်နှင့် စစ်ရေးလေ့ကျင့်မှု ပြုလုပ်စဉ်အတွင်း မြေပြင်မှ ရေပြင်ပစ်ဒုံးကျည်အမျိုးအစားကို စမ်းသပ်ပစ်လွှတ်လိုက်ကြောင်း သိရသည်။

ဂျီအက်စ်ဒီအက်ဖ်သည် ကြာသပတေးနေ့က သြစတြေးလျနိုင်ငံ၌ စတင်ပြုလုပ်ခဲ့သော နိုင်ငံပေါင်းစုံ စစ်ရေးလေ့ကျင့်မှုတွင် ပူးပေါင်းပါဝင်လျက်ရှိသည်။ ၎င်းသည် သြစတြေးလျနိုင်ငံတောင်ပိုင်း ဂျာဗစ်ပင်လယ်အော်ကမ်းလွန်သို့ Type-12 အမျိုးအစား သင်္ဘောဖျက်ဒုံးကျည်ကို ဇူလိုင် ၂၂ ရက်တွင် တိုက်ရိုက်ပစ်ခတ်မှု ပြုလုပ်လိုက်ခြင်းဖြစ်သည်။

အဆိုပါ ပစ်ခတ်မှုသည် ဂျပန်နှင့် သြစတြေးလျဒရုန်းများ တည်ရှိရာ သင်္ဘောငယ်တစ်စင်းကို ပစ်မှတ်ထား ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ဒုံးကျည်သည် ပစ်မှတ်ကိုထိမှန်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။Type-12 အမျိုးအစား သင်္ဘောဖျက်ဒုံးကျည်သည် လက်ရှိတွင် ၂၀၀ ကီလိုမီတာအကွာအဝေးနီးပါးအထိ ပစ်ခတ်နိုင်စွမ်းရှိသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ Type-12 အမျိုးအစားကို အကွာအဝေး ကီလိုမီတာ ၁၀၀၀ ခန့်အထိ ပစ်ခတ်နိုင်ရန် တိုးမြှင့်လုပ်ဆောင်ရန် စီစဉ်နေကြောင်း သိရသည်။ ရန်သူ၏ ဒုံးကျည်အခြေစိုက်စခန်းများနှင့် အခြားပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်ရန် ဂျပန်၏ တန်ပြန်တိုက်ခိုက်နိုင်မှုစွမ်းရည်ကို ပေးစွမ်းနိုင်သည့် စစ်လက်နက်အဖြစ် အဆိုပါအမျိုးအစားဒုံးကျည်ကို မှတ်ယူထားသည်။

ထိုကဲ့သို့ ဂျပန်ထုတ် Type-12 အမျိုးအစားဒုံးကျည်ကို သြစတြေးလျ၌ စစ်ရေးလေ့ကျင့်မှုပြုလုပ်စဉ်အတွင်း ပစ်ခတ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ အဆိုပါ စစ်ရေးလေ့ကျင့်မှုက ဂျပန်နှင့် သြစတြေးလျ နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို ပြသရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၃**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့ပေါ်ရပ်ကွက်များရှိ အခြေခံပညာကျောင်းများနှင့် နေအိမ်များ၌ ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ဆရာ ဆရာမများအား သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ထို့အတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ် အောင်မျိုးထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တောင်ရင်းတန်းရပ်ကွက်ရှိ တောင်သူတစ်ဦး၏ လယ်မြေ၌ပြုလုပ်သော စူပါဘိုကာရှီသဘာဝမြေသြဇာ ပြုလုပ်သုံးစွဲနည်း သရုပ်ပြပွဲ၊ မိုးစပါး GW – 11 စပါးပျိုးခင်းနှင့် ထွန်ယက်စိုက်ပျိုးမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး **(ဝဲပုံ)** တောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၂၃**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော် စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်

**နေပြည်တော် ဇူလိုင် ၂၃**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှု၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်၏ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် Mawlamyine Century Logistics (MCL–3) သင်္ဘောသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့သည့် ဆန် ၂၄ ပြည်ဝင်အိတ် ၄၄၃၈၀ နှင့် မိသားစုသုံးပစ္စည်းအထုပ် ၂၀၀၀ အပါအဝင် စုစုပေါင်း ကူညီကယ်ဆယ်ရေးပစ္စည်း ၂၂၂၂ ဒသမ ၂၈၇ တန်တင်ဆောင်ပြီး ယနေ့ညနေ ၄ နာရီတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော် စစ်ရေယာဉ်များအပါအဝင် ရေယာဉ် ၂၅ စင်းဖြင့် ဆောက်လုပ်ရေးသုံး ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များ ပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၃၂၈၁၂ ဒသမ ၉၀ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန်ကို ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရပ်စောက်မြို့နယ်သမဝါယမအသင်းစုမှ မိုးစပါးစိုက်တောင်သူများအား သွင်းအားစုပေးအပ်

**ရပ်စောက် ဇူလိုင် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်သမဝါယမအသင်းစုမှ အသင်းအချင်းချင်း ပံ့ပိုးချေးငွေဖြင့် မိုးစပါးစိုက်ပျိုးသည့် တောင်သူများသို့ သွင်းအားစုထောက်ပံ့ရာ မေတ္တာမွန်သမဝါယမအသင်းသို့ မိုးစပါးစိုက်ဧက ၁၀၅ ဧကအတွက် ငွေကျပ် ၁၁၂ ဒသမ ၄၂ သိန်းနှင့် ညီမျှသော အာမိုယူရီးယားမြေသြဇာ ၁၂၅ အိတ်နှင့် စွမ်းထက်သဘာဝမြေသြဇာ ၄၆ အိတ်၊ နှောင်မိုင်းမျိုးစေ့ထုတ်သမဝါယမအသင်းသို့ မိုးစပါးစိုက်ဧက ၁၅၆ ဧကအတွက် ငွေကျပ် ၁၆၁ ဒသမ ၄ သိန်းနှင့်ညီမျှသော အာမိုယူရီးယား ဓာတ်မြေသြဇာအိတ် ၁၅၀၊ စွမ်းထက်သဘာဝမြေသြဇာအိတ် ၂၀ တို့ကို မြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ အသင်းသားများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



သန်လျင်မြို့ မြို့မတောင်ရပ်ကွက်လုံးဆိုင်ရာ ဘောဇနာနုဂ္ဂဟ ဆွမ်းလောင်းမဝ္ဂရုံ ဝါတွင်း သောကြာပတ် အရဏ်ဆွမ်းလောင်းလှူနိုင်ရန် သန်လျင်မြို့နေ ဦးစိန်လွင်အားရည်စူး၍ ဇနီးဒေါ်ဖြူဖြူခိုင်(ရတနာရှင်းသန့်မိသားစု)က အလှူငွေကျပ်ရှစ်သိန်းကို ဇူလိုင် ၂၃ ရက်က မဝ္ဂရုံအကျိုးဆောင်အဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ သန်းဝင်း(သန်လျင်)

# တရုတ် - မြန်မာ လူငယ်ချစ်ကြည်ဆွေးနွေးဖလှယ်ပွဲ ယူနန်ပြည်နယ် မန်စီးမြို့၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ ကွန်မြူနစ်ပါတီလူငယ်အဖွဲ့ချုပ်(Dehong Youth Federation) ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံရှိ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေး ဇဟိုအသင်းက ရွေးချယ်စေလွှတ်သော မြန်မာချစ်ကြည်ရေး လူငယ်ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုက် ၁၉ ရက်မှ ၂၂ ရက်အထိ တယ်ဟုန်ပြည်နယ်ခွဲ မန်စီးမြို့၌ ကျင်းပသည့် "တရုတ်- မြန်မာ လူငယ်ချစ်ကြည်ဆွေးနွေးဖလှယ်ရေးလှုပ်ရှားမှု" အခမ်းအနားသို့ တက်ရောက်ကြသည်။



အခမ်းအနားသို့ တယ်ဟုန်ပြည်နယ်ခွဲ ကွန်မြူနစ်ပါတီမှ အမြဲတမ်းပါတီဝင် ပြည်နယ်ခွဲပြည်သူ့အစိုးရ၊ ဒုတိယအုပ်ချုပ်ရေးမှူး Mr.Lin Ji နှင့်တာဝန်ရှိသူများ၊ တယ်ဟုန်ပြည်နယ်ခွဲ တရုတ်ကွန်မြူနစ်လူငယ်အဖွဲ့ချုပ်အတွင်းရေးမှူး၊ တယ်ဟုန်ပြည်နယ်ခွဲ ညွန့်ပေါင်းလူငယ်ဥက္ကဋ္ဌ Ms.Chen Chunxiao၊ တယ်ဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရပြည်ပရေးရာဌာနမှတာဝန်ရှိသူများ၊ တယ်ဟုန်ပြည်နယ်ခွဲ လူငယ်အသင်းမှ တာဝန်ရှိသူများ တက်ရောက်ပြီး မြန်မာချစ်ကြည်ရေး လူငယ်ကိုယ်စားလှယ် ၁၈ ဦး တက်ရောက်သည်။

ခရီးစဉ်အတွင်း နှစ်ဖက်လူငယ်များက လူငယ်များနှင့်အနာဂတ်အလားအလာများ၊ Belt and Road စီမံကိန်းနှင့်ရှေ့အလားအလာများ၊ တရုတ်နိုင်ငံ၏ ဆင်းရဲမှုပပျောက်ရေးဆောင်ရွက်ချက်နှင့် အောင်မြင်မှုများ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နယ်စပ်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်မှုများ ၊ကျောက်ဖြူဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ နှစ်နိုင်ငံပေါက်ဖော်ချစ်ခင်ရင်းနှီးမှုအတွက် လူငယ်များပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့ကြသည်။ ခရီးစဉ်အတွင်း ရွှေလီမြို့ ကျယ်ခေါင်၊ ဝမ်တိန်နယ်စပ်ကုန်သွယ်ရေးဇုန်၊ မန်စီးမြို့ ကျယ်ထောက်စံပြကျေးရွာ၊Hougou ကော်ဖီကုမ္ပဏီ၊ တယ်ဟုန်ပြည်နယ်ခွဲ အမျိုးသားပြတိုက်တို့ကိုလေ့လာခဲ့ကြပြီး **"နှစ်နိုင်ငံလူငယ်များအကြားချစ်ကြည်ရေး တည်ဆောက်ရန် သဘောထားကြေညာချက်"** ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အဆိုပါခရီးစဉ်တွင် မြန်မာ- တရုတ် ပူးပေါင်းဆက်ဆံရေးဇဟိုအသင်း ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းအယ်ဒီတာချုပ် ဦးရဲနိုင်စိုး ခေါင်းဆောင်ပြီး ပါတီများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးကုမ္ပဏီများမှ ကိုယ်စားလှယ် ၁၈ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဂျပန်တိုက်စစ်မှူးသစ် မိုတိုဟီရိုကို ရှမ်းယူနိုက်တက်အသင်း အမှုဆောင်အရာရှိချုပ် ဦးရဲမျိုးထွန်းနှင့်အတူ တွေ့ရစဉ်။

## ရှမ်းယူနိုက်တက်အသင်း ကစားသမားသစ်များ ခေါ်ယူ

ရန်ကုန် ဇူလိုင် ၂၃

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ထိပ်ဆုံးမှ ဦးဆောင်နေသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ရာသီဝက်အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များ ခေါ်ယူအားဖြည့်ခဲ့ပြီး ပြည်တွင်းဂိုးသမား မျိုးမင်းလတ်နှင့် ဂျပန်တိုက်စစ်မှူး မိုတိုဟီရိုတို့ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ယခုနှစ်တွင် ပြည်တွင်းလိဂ်ဖြစ်သည့် MNL အမှတ်ပေးချန်ပီယံဆု ကာကွယ်နိုင်ရန်အပြင် AFC Cup ပြိုင်ပွဲလည်း ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် လိုအပ်သည့်နေရာများ အင်အားဖြည့်တင်းနေခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ထိုင်းလိဂ်တွင် သွားရောက်ကစားခဲ့သည့် ကစားသမားဟောင်းဖြစ်သူ ဂိုးသမား မျိုးမင်းလတ်ကို ပြန်လည်ခေါ်ယူခဲ့သလို တိုက်စစ်ပိုင်းအတွက် ဂျပန်နိုင်ငံသား မိုတိုဟီရိုတို့ကို ခေါ်ယူအားဖြည့်ခဲ့ခြင်းဖြစ်သည်။ မျိုးမင်းလတ်သည် ၂၀၁၅ ခုနှစ်မှ ၂၀၂၂ ရာသီအစထိ ရှမ်းယူနိုက်တက်အသင်းတွင် ပါဝင်ကစားခဲ့ပြီး ပြီးခဲ့သည့်နှစ်တွင် ထိုင်းလိဂ်-၁ ကလပ် ရတ်ချာဘူရီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းတွင် လက်ရွေးစင်ဂိုးသမား ကျော်ဇင်ဖြိုးနှင့် လူငယ်ဂိုးသမားနှစ်ဦး ရှိသော်လည်း ဒဏ်ရာပြဿနာနှင့် အခြားကိစ္စရပ်များရှိပါက အစားထိုးနိုင်ရန် မျိုးမင်းလတ်ကို ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီအတွက် လေးဦးမြောက် နိုင်ငံခြားသားကစားသမားအဖြစ် မိုတိုဟီရိုကို ခေါ်ယူခဲ့သည်။ ၎င်း မတိုင်မီက နိုင်ငံခြားသားကစားသမားများအဖြစ် နောက်ခံလူ မိုကာလူး၊ ကွင်းလယ်တိုက်စစ်ကစားသမား မတ်ခ်ဆာကီနှင့် တိုက်စစ်မှူး ဘယ်လိုတို့ ရှိထားပြီးဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်းလိဂ်ဖြစ်သည့် MNL အမှတ်ပေးချန်ပီယံဆုကို နောက်ဆုံးငါးရာသီအတွင်း လေးကြိမ်အထိ ရယူထားနိုင်ပြီး သုံးရာသီဆက်တိုက် ဗိုလ်စွဲထားသလို ယင်းလေးကြိမ်တွင် ရှုံးပွဲမရှိစံချိန်ဖြင့် ဗိုလ်စွဲသည့်အကြိမ် နှစ်ကြိမ်ပါဝင်ကြောင်း သိရသည်။

ရဲရင့်လွင်
ဓာတ်ပုံ-SUFC

## MNL ပြိုင်ပွဲတွင် ကချင်ယူနိုက်တက်ကို မဟာယူနိုက်တက် အနိုင်ယူ

ရန်ကုန် ဇူလိုင် ၂၃

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၃) တတိယနေ့ကို ဇူလိုင် ၂၃ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ မဟာယူနိုက်တက်အသင်းက ကချင်ယူနိုက်တက် အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။

တန်းဆင်းဇုန်ထဲ ရောက်နေသည့် တန်းတက် ကချင်ယူနိုက်တက်အသင်း ရှုန်းကန်ခဲ့သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့ပြီး လာမည့်ပွဲများတွင် ထပ်မံရုန်းကန်ရတော့မည်ဖြစ်သည်။ မဟာယူနိုက်တက်အသင်းမှာမူ ခြေမှန်ပြန်ရနေပြီး နိုင်ပွဲဆက်ခဲ့သဖြင့် အမှတ်ပေးဇယား တတိယနေရာအထိ ချိန်ရွယ်နိုင်သည့် အနေအထားဖြစ်လာသည်။

နှစ်သင်းစလုံး နိုင်ငံခြားသားကစားသမားအပါအဝင် ပြည်တွင်းအမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း မဟာယူနိုက်တက်အသင်းတွင် အတွေ့အကြုံရှိသည့် ကစားသမားများပါဝင်သဖြင့် ပိုမိုဖိအားပေးနိုင်ခဲ့သည်။ ၂၉ မိနစ်တွင် အသစ်ခေါ်ယူထားသည့် တိုက်စစ်မှူးသစ်ကောင်းမြတ်သူက မဟာယူနိုက်တက်အတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ယင်းဂိုးဖြင့် ပထမပိုင်းအပြီးတွင် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးရရန် တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၈၄ မိနစ်တွင် အာကာကျော်က မဟာယူနိုက်တက်အတွက် ဂိုးထပ်မံသွင်းယူခဲ့သည်။ ၉၀ + ၁ မိနစ်တွင် ညီညီက ကချင်ယူနိုက်တက်အတွက် ချေပဂိုးပြန်သွင်းခဲ့သော်လည်း ၉၀+၅ မိနစ်တွင် စိုးမင်းနိုင်က မဟာယူနိုက်တက်အတွက် အနိုင်သေချာစေမည့် တတိယဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မဟာယူနိုက်တက်တိုက်စစ်မှူး ကောင်းမြတ်သူက ရရှိသည်။ ယခုပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက ၁၃ ပွဲကစား ရမှတ် ၂၀၊ ကချင်ယူနိုက်တက်အသင်းက ၁၃ ပွဲကစား ၁၀ မှတ်ရရှိထားသည်။

ပွဲစဉ် (၁၃) စတုတ္ထနေ့အဖြစ် ဇူလိုင် ၂၄ ရက် **(ယနေ့)** တွင် YUSC ကွင်း၌ ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီ၊ သုဝဏ္ဏကွင်း၌ မြဝတီနှင့် ရန်ကုန်ယူနိုက်တက်ကို ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ-MNL**



မဟာယူနိုက်တက်နှင့် ကချင်ယူနိုက်တက် ယှဉ်ပြိုင်ကစားစဉ်။

## အမျိုးသမီးကမ္ဘာ့ဖလားအုပ်စုအဆင့် ဆက်လက်ယှဉ်ပြိုင် နယ်သာလန်၊ ဆွီဒင် အနိုင်ရပြီး ပြင်သစ်သရေကျ

ဇူလိုင် ၂၄ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များတွင် အသင်းကြီး နယ်သာလန်၊ ဆွီဒင်အသင်းတို့ နိုင်ပွဲရရှိခဲ့ပြီး ပြင်သစ်အသင်း ဂိုးမရှိသရေကျခဲ့သည်။

အုပ်စု (ဆ)မှ ဆွီဒင်နှင့် တောင်အာဖရိက အသင်းတို့ ပွဲစဉ်ကို နံနက် ၁၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန်ပြည့်ခါနီးတွင် သွင်းယူခဲ့သော အီလီစတက်၏ သွင်းဂိုးကြောင့် ဆွီဒင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဦးဆောင်ဂိုးကို တောင်အာဖရိကအသင်းက ပွဲချိန် ၄၈ မိနစ်တွင် မက်ဂါအီယာက သွင်းယူနိုင်ခဲ့သော်လည်း ချေပဂိုးနှင့် အနိုင်ဂိုး ပြန်လည် ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

အုပ်စု (င)မှ နာမည်ကြီး နယ်သာလန်နှင့် ပေါ်တူဂီအသင်းတို့ပွဲစဉ်ကို မွန်းလွဲ ၂ နာရီက ယှဉ်ပြိုင်ကစားခဲ့ရာ နယ်သာလန်အသင်းက ပွဲချိန်တစ်လျှောက် တစ်ဖက်သတ် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၃ မိနစ်တွင် ရရှိခဲ့သော ဗန်ဒါဂတ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် ပေါ်တူဂီအသင်းကို အနိုင်ရရှိခဲ့သည်။ ပေါ်တူဂီအသင်းသည် ပြိုင်ဘက်နယ်သာလန် အသင်းဘက်သို့ ဂိုးကန်သွင်းခွင့် နှစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်။



ပေါ်တူဂီအသင်းဘက်သို့ ဂိုးသွင်းယူပြီးနောက် နယ်သာလန်ကစားသမားများ အောင်ပွဲခံစဉ်။

အုပ်စု (စ)မှ ပြင်သစ်နှင့် ဂျမေကာအသင်းတို့ ပွဲစဉ်တွင် ပြင်သစ်အသင်း၏ ကစားပုံကောင်းမွန်မှု ရှိခဲ့သော်လည်း တိုက်စစ်အဆုံးသတ်ပိုင်း အားနည်းမှုကြောင့် ဂိုးမရှိ သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့ရသည်။ ပွဲချိန်ပြည့်ခါနီးတွင် ဂျမေကာအသင်းမှ ရှော့ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ ပြင်သစ်အသင်းသည် ထိရောက်သည့် ဂိုးပေါက် ခြိမ်းခြောက်မှုများ အကြိမ်ကြိမ် ပြုလုပ်နိုင်ခဲ့သော်လည်း ဂျမေကာအသင်း ခံစစ်နှင့် ဂိုးသမားတို့ ဟန့်တားရှင်းထုတ်ပုံကောင်းမွန်မှုကြောင့် လိုအပ်သည့် သွင်းဂိုးများနှင့် ဝေးကွာခဲ့ရခြင်းဖြစ်သည်။ **အောင်ဇော်**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်ဝါဒဖြန့်ခြင်းများအားလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "War War Htet" အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရေညွှန့်ကျေးရွာနေ ဝါဝါထက်အား နံနက် ၈ နာရီခွဲတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာနဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲငါးလုပ်ငန်းသိပ္ပံ(တွံတေး)
## ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာ ပထမနှစ်သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ငါးလုပ်ငန်းသိပ္ပံတွင် တက်ရောက်လိုသူများသည် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန/ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး) တို့တွင် လျှောက်ထားနိုင်သည်။

၂။ ဒီပလိုမာသင်တန်းသို့ တက်ရောက်ခွင့်ရရှိသူသည် (၃) နှစ်သင်တန်းတက်ရောက်ရမည်ဖြစ်ပါသည်။ ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေး ဒီပလိုမာသင်တန်းအောင်မြင်ပါက ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာအောင်လက်မှတ် (Diploma in Fisheries and Aquaculture) ပေးအပ်မည်ဖြစ်ပါသည်။ ဒီပလိုမာသင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်း ပြည့်မီသူများကို ရန်ကုန်တက္ကသိုလ်တွင် B.Sc( Fisheries and Aquaculture) သင်တန်းတက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲကို သိပ္ပံဘာသာတွဲဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်ရက်(၃၀-၉-၂၀၂၃)ရက်နေ့တွင် အသက် (၂၂)နှစ်ထက် မကြီးသူဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများပူးတွဲတင်ပြရမည် -

(က) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီးထောက်ခံချက် (မူရင်း)

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်း (မိတ္တူ) (ကျောင်းအပ်နှံသည့် အချိန်တွင် မူရင်းတင်ပြရမည်)

(ဂ) မွေးသက္ကရာဇ်မှန်ကန်ကြောင်း ထောက်ခံချက် (သက်ဆိုင်ရာ ကျောင်းအုပ်ကြီးထောက်ခံချက်)

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်းနှင့် ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)

(င) လျှောက်ထားသူနှင့် မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)များနှင့် အိမ်ထောင်စုဇယား (မိတ္တူ)

(စ) လိုင်စင်ဓာတ်ပုံ (အောက်ခံအပြာရောင်ဖြင့်) (၅) ပုံ (၁.၁x ၁.၃) လက်မ

၅။ လျှောက်လွှာများကို တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်/ ငါးလုပ်ငန်းဦးစီးဌာန/ ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းသိပ္ပံ (တွံတေး) သို့ (၃၀-၉-၂၀၂၃) ရက်နေ့ထက် နောက်မကျစေဘဲ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ တက်ရောက်ခွင့်ရရှိသူအမည်စာရင်းနှင့် ကျောင်းဖွင့်လှစ်မည့်ရက်အား တိုင်းဒေသကြီး/ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနများနှင့် ငါးလုပ်ငန်းသိပ္ပံ (တွံတေး)မှ ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၀၈၄၇၂၊ ၀၆၇-၄၀၈၄၇၃၊ ၀၉-၇၉၁၃၄၄၇၇၃ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။



ဝင်ခွင့်လျှောက်လွှာ(ပုံစံ)

စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)
ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| အကြောင်းအရာ | အမည် | | လူမျိုး/ဘာသာ | အလုပ်အကိုင် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|---|---|
| လျှောက်ထားသူ | မြန်မာ | | | | |
| | အင်္ဂလိပ် | | | | |
| ဖခင် | | | | | |
| မိခင် | | | | | |
| မိဘများကွယ်လွန်ပြီးဖြစ်ပါက အုပ်ထိန်းသူ | | | | | |

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် ---------- ခုနှစ် ---------- လ ---------- ရက်။

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့်ခုံအမှတ် ---------- ဖေဖော်ဌာန ---------- တိုင်းဒေသကြီး/ပြည်နယ် ----------

၄။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ ---------- ဖုန်း ----------

ရက်စွဲ ----------
(လျှောက်ထားသူလက်မှတ်)

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ



## (၄၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်ပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီး တံခွန်စိုက်ဖလားဆွတ်ခူး

ရန်ကုန် ဇူလိုင် ၂၃

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၃ ခုနှစ် (၄၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့် ကယကြံ့ခိုင်ပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)ခန်းမ၌ကျင်းပရာ အားကစားသမား ၁၅၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

